ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု

ပိုင်းလော့ဆရာတော်

အရှင်ဇေယျပဏ္ဍိတ

# မြတ်ဗုဒ္ဓ၏ အဆုံးအမ


နှင့်

# သတ္တလောက၏ ဖန်ဆင်းရှင်

(ဒုတိယအကြိမ်)

၆၄

# မိုင်းလော့ဆရာတော်အရှင်ဂေယျပဏ္ဍိတ



အချိန်တိုင်းတွေးနေရင်းဘာဝပြောင်းနေသည်။

မိုးညှင်းသိင်္ဂီကျောင်းတိုက်၊ (၁၆) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း။
ဖုန်း ၀၉-၅၁ ၉၆၁၂၇

# ပိုင်းလော့ဆရာတော်
# အရှင်ဇေယျပဏ္ဍိတ

၏

# မြတ်ဗုဒ္ဓအဆုံးအမနှင့်

## သတ္တလောက၏ ဖန်ဆင်းရှင်

**စာမူခွင့်ပြုချက်အမှတ်** - ၃၂၀၃၉၀၀၆၀၆

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၃၂၀၃၈၁၀၆၀၆

◆

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးဌေးလှိုင်(မြဲ-၀၂၄၅၃)၊ ခရီးဖော်ပုံနှိပ်တိုက်

၇၅/ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်

ရန်ကုန်။ ဖုန်း-၆၆၁၄၆၅

◆

**မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းပုံ**

မမီးမီး (Stars)

◆

**ထုတ်ဝေသူ**

ဦးကျော်ဟင်း(ယုံကြည်ချက်စာပေ)

အမှတ်-၁၁၁၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

◆

**ထုတ်ဝေသည့်အကြိမ်**

ဒုတိယအကြိမ် (၂၀၀၆၊ ဇူလိုင်လ)

◆

**ကွန်ပျူတာစာစီ၊ အတွင်းဖလင်** - ပုံရိပ်ရှင်

အုပ်ရေ - ၁၀၀၀

◆

တန်ဖိုး - ၈၀၀ ကျပ်

◆

**စီစဉ်သူ** - ဦးလေးငယ်

၂၃၄၄၅

# ဗုဒ္ဓမြတ်စွာဘုရားဟောကြားတော်မူသော

# နိဗ္ဗာန်ရောက်ကြောင်းကျင့်ကြံပွားများအားထုတ်ရမည့်

# အတိုဆုံး တရားတော်

———— × ————

အခါခပ်သိမ်း အောက်မေ့မှု 'သတိ' ရှိလျက် မိမိကိုယ်ဟု စွဲယူမှု 'အတ္တာနုဒိဋ္ဌိ' ကို နုတ်ပယ်လျက် 'လောက' ကို ဆိတ်သုဉ်းသော အားဖြင့် ရှုပါလော့။

သေမင်းမမြင်နိုင်သောတရား

(ခုဒ္ဒကနိကာယ် မောဃရာဇပုဏ္ဏား ပုစ္ဆာမှ)

# စာအုပ်ပြုစုသူ၏ ဥပယောဇဉ်

၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလဆုတ်(၄)ရက်နေ့ ရပ်ကွက် ဓမ္မာရုံ၊ အမှတ်(၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ဆရာတော် ဦးဇေယျပဏ္ဍိတ(မိုးညှင်းသိဂ်ိဳကျောင်း၊ အမှတ်(၂)လမ်းမကြီး၊ အမှတ် (၁၆)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်)ဟောကြားခဲ့သော "ကံနှင့် ကံအကျိုးပေး တရားတော်"အား ရေးသားပြုစုထားခြင်း ဖြစ်ပါသည်။

ဗုဒ္ဓ၏ အခြေခံအကျဆုံး တရားတော်ဖြစ်သည့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ (ကံနှင့် ကံအကျိုးပေးကို ယုံကြည်ခြင်း အမြင်မှန်)အား ဗုဒ္ဓဘာသာဝင်တိုင်း သိရှိနားလည်၍ လိုက်နာကျင့်သုံးနိုင်ရန်အတွက် ဟောကြားထားခြင်းဖြစ်ပါသည်။ ဗုဒ္ဓ၏ အခြေခံအကျဆုံး တရားတော် အား အမှန်အတိုင်း သိမြင်နားလည်၍ လိုက်နာကျင့်သုံးခြင်းအားဖြင့် စားဝတ်နေရေး ငွေရေး၊ ကြေးရေး၊ ကျန်းမာရေးဆိုသည့် လောကီ ချမ်းသာများ ပြီးပြည့်စုံ၍ ကောင်းမှု ကုသိုလ်ဓာတ်၏ အထောက်အပံ့ ရရှိပြီး နိဗ္ဗာန်သို့ လျှောက်လှမ်းနိုင်ကြမည် ဖြစ်ပါသည်။

လောကသုံးပါး၏ "ဖန်ဆင်းရှင်"အစစ်အား သိရှိနိုင်ကြပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးစီးပွားများ တိုးတက် ကြီးပွား ချမ်းသာစေခြင်းအကျိုးအား ရရှိနိုင်ကြစေရေး ရည်မျှော်၍ ရေးသားပြုစုရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ကျော်ကျော်ဦး

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကမ္မဿကတာ သမ္မာဒိဋ္ဌိ(ကံနှင့်ကံအကျိုး ပေးကိုယုံကြည်ခြင်း) | ၁ |
| ၂။ | သမိုင်းကြောင်းအကျဉ်း | ၅ |
| ၃။ | ''ကံ''ဆိုတာဘာလဲ | ၇ |
| ၄။ | ''ကံ''၏အဓိပ္ပါယ် | ၉ |
| ၅။ | စေတနာ၊ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ | ၁၁ |
| ၆။ | ချမ်းသာ၏ အသမုတ်ခံ သဘောတရား | ၁၃ |
| ၇။ | ''ပုည''ဆိုသော ကောင်းမှု | ၁၉ |
| ၈။ | ပုညနှင့်စေတနာကို ဆက်စပ်ကြည့်ရအောင် | ၂၃ |
| ၉။ | စေတနာရဲ့မြစ်ဖျား | ၂၇ |
| ၁၀။ | ရှင်စူဠနာဂရဟန်း၏ ပုံဝတ္ထု | ၃၁ |
| ၁၁။ | လောကသတိဿ ရဟန်းပုံဝတ္ထု | ၄၁ |
| ၁၂။ | အစ, အလယ်, အဆုံး စေတနာ | ၅၃ |
| ၁၃။ | ပဒုမာဒေဝီ ပုံဝတ္ထု(အလယ်စေတနာ ကောက်ကွေ့ခြင်း၏အကျိုး) | ၅၅ |
| ၁၄။ | ခန္ဓာဗေဒနှင့် 'ကံ'သတ္တိကိန်းပုံ | ၆၁ |
| ၁၅။ | မောဟသတ္တိနှင့် ပညာသတ္တိ ဖြစ်ပေါ် ရခြင်း အကြောင်းရင်း | ၆၇ |

၁၆။ စေတနာ အဆိုးအကောင်း ဖြစ်ပေါ်ခြင်း ၆၉
၁၇။ ဗုဒ္ဓမြတ်စွာဘုရား၏ ပါရမီ (၁၀) ပါး ဖြည့်ကျင့်ပုံ ၇၃
၁၈။ ဗြဟ္မဏဝါဒနှင့် ဗေဒင်ပညာတို့ ထိုးဖောက်ဝင်လာခြင်း ၇၇
၁၉။ ဗေဒင်ပညာ၏ အစ ၈၃
၂၀။ ဗြိုဟ်ညံ့ရင် ဘာလုပ်ကြမလဲ ၈၇
၂၁။ ရဟန်းတို့၏ မှီရာလေးပါးနှင့်ဆရာရှာမမှားဖို့ ၉၅
၂၂။ လောကီချမ်းသာအတွက် ဘာတွေလုပ်ကြမလဲ ၁၀၁
၂၃။ ငွေကြေးပြည့်စုံစေခြင်းအကြောင်း ၁၀၇
၂၄။ အဝတ်အထည် ပေါများစေခြင်းအကြောင်း ၁၁၁
၂၅။ နေအိမ်အတွက် ဒါနပြုပုံ ၁၁၅
၂၆။ ''အာရောဂျ ပရမ လာဘာ''ပြည့်စုံစေခြင်း ၁၁၇
၂၇။ ''ဆုပ်ရင် ကွဲတယ်၊ ကျဲရင် လုံးတယ်'' ဆိုသော ဆိုရိုးစကား ၁၂၁
၂၈။ ဗုဒ္ဓမြတ်စွာဘုရားအား ပူဇော်ခြင်းအကျိုး ၁၂၅
၂၉။ လောကသုံးပါး၏ ဖန်ဆင်းရှင်အစစ် ၁၂၉
၃၀။ ဆုတောင်းနှင့်နိဂုံး ၁၃၃
၃၁။ ဘုရားပူဇော်ကန်တော့ခြင်း ၁၃၅



# ကမ္မဿကတာ–သမ္မာဒိဋ္ဌိ

**(ကံနှင့်ကံအကျိုးပေးတရားကို ယုံကြည်ခြင်း)**


နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

ဗုဒ္ဓမြတ်စွာဘုရားသခင်၏ သာသနာ၌ ဟောကြားသင်ပြစရာအနေဖြင့် အခြေခံအားဖြင့် အပိုင်း(၆)ပိုင်း ရှိပါတယ်။ နံပါတ်(၁)အခြေခံတရားတော်သည် ကံနှင့်ကံအကျိုးပေးတရားကို ယုံကြည်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။ ကျန်တဲ့အပိုင်းတွေကတော့ ဈာနသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိ၊ ဖိုလ်သမ္မာဒိဋ္ဌိ၊ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိတို့ ဖြစ်ပါတယ်။ ဒီနေ့ဟောကြားမယ့် တရားကတော့


အခြေခံအကျဆုံးဖြစ်တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိကို သင်ကြားမယ်လို့ စိတ်ကူးထားပါတယ်။

ဒီခေတ်ဒီကာလမှာ ကံနှင့်ပတ်သက်လို့ ပြောဆိုကြတဲ့အခါမှာ လူတော်တော်များများဟာ ကံကို ရှေ့တန်းမှာ မထားကြဘဲ နောက်ကိုပို့နေတာ တွေ့ရပါတယ်။ ကံကိုချည်း မယုံပါနှင့်၊ ဉာဏ်နှင့်ဝီရိယကိုလည်း အားကိုးပါအုံး၊ "ကံကိုယုံ၊ ဆူးပုံမနင်းပါနှင့်"စသည်ဖြင့် ကံကိုပစ်ပယ်ပြီးတော့ကာ နောက်တန်းကိုပို့ပြီး ပြောဆိုနေကြတာကို တွေ့ရတယ်။ ဘုရားရှင်ဟောကြားတော်မူခဲ့တာက "သဗ္ဗေသတ္တာ ကမ္မဿကာ၊ ကမ္မဒါယာဒါ၊ ကမ္မယောနိ၊ ကမ္မဗန္ဓူ၊ ကမ္မပ္ပဋိသရဏာ ယံ ကမ္မံကရိဿတိ ကလျာဏံဝါ ပါပကံဝါ တဿ ဒါယာဒါ ဘဝိဿတိ"လို့ ဟောကြားခဲ့ပါတယ်။ (ခပ်သိမ်းကုန်သော သတ္တဝါတို့သည် "ကံ"ကိုပင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။ "ကံ"၏အမွေခံဖြစ်၏။ "ကံ"သာလျှင် အကြောင်းရှိ၏။ "ကံ" သာလျှင် အဆွေအမျိုးရှိ၏။ "ကံ"သာလျှင် ကိုးကွယ်မှီခိုရာ ရှိ၏။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မိမိပြုမိသောကံ၏ အမွေခံသာ ဖြစ်ရပေမည်။) ဒီနေရာလေးမှာ တစ်ခုပြောကြားလိုတာကတော့ ဘုရားရှင်တို့ ဟောကြားတော်မူခဲ့တဲ့ စကားတို့မည်သည်မှာ "လိုတယ်ဆိုပြီးတော့ ဖြည့်စွက်နိုင်တဲ့ပုဂ္ဂိုလ်၊ ပိုတယ်ဆိုပြီးတော့ နှုတ်ပယ်နိုင်တဲ့

ပုဂ္ဂိုလ်"ကို ငါဘုရားရှင်သည် ဤစကြဝဠာ လူလောက၊ ဗြဟ္မာလောက၊ နတ်လောကမှာ မမြင်ဘူး၊ မရှိနိုင်ဘူးလို့ အမိန့်ရှိခဲ့ဖူးပါတယ်။ ဒီတော့ကာ အချို့အချို့ပညာရှင်များသည် စေတနာလွန်ကဲပြီး "ကံ"ကိုချည်း မယုံပါနှင့်။ ဉာဏ်, ဝီရိယပေါင်းပါလို့ ပြောနေကြတာ ဖြစ်ပါလိမ့်မယ်။ ဒီနေရာမှာ ဘုန်းကြီးတို့အနေနဲ့ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ "ကံ"ဆိုတဲ့ စကားကို နားလည်အောင် ကြိုးစားဖို့ အထူးလိုအပ်ပါတယ်။ ဒီနေရာမှာ "ကံ" အကြောင်းကို မပြောခင်မှာ သမိုင်းကြောင်းကို သုံးသပ်ကြည့်ဖို့ လိုပါတယ်။




နည်းနည်းလေးလောကဓံကြုံလာပြီဆိုရင်ဖြင့်
ကြောက်လန့်တကားနဲ့  အားကိုးရှာကြတယ်။
ဗေဒင်ဆရာဆီသွားကြ၊  နတ်ဆရာတွေဆီသွားကြ
စသည်ဖြင့်  အားကိုးရှာကြတဲ့သူတွေများတယ်။



## သမိုင်းကြောင်းအကျဉ်း

ဘုရားပွင့်တော်မူခဲ့တဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၄၀ကျော် ကာလကို ပြန်ကြည့်မယ်ဆိုရင် ဘုရားမပွင့်မီကာလမှာ တခြား အယူဝါဒရှိတဲ့ ဂိုဏ်း(၆)ဂိုဏ်းနဲ့ ပညာရှင်ဆိုတာတွေ ထွန်းကားခဲ့တာ တွေ့ရပါတယ်။ ဘုရားပွင့်တော်မူလာတဲ့ အခါမှာတော့ ဂိုဏ်း(၆)ဂိုဏ်းနဲ့တကွ သူတို့ရဲ့ အယူဝါဒတွေ အပြင် ဗေဒင်ပညာတွေ အားလုံးဟာ တိမ်မြုပ်သွားကြတယ်။ ဂိုဏ်း(၆)ဂိုဏ်းမှာလည်း လာဘ်လာဘတွေ ရှားပါးလို့ တော်တော်လေး ထိခိုက်ခဲ့ကြတယ်။ ဘာကြောင့်လည်း ဆိုတော့ကာ ဘုရားသာသနာတော်အတွင်းမှာ အနည်းဆုံး

အားဖြင့် ဘုရားရဲ့အဆုံးအမကို ရကြတဲ့သူတွေဟာ "ကံနှင့် ကံအကျိုးပေး"ကို နားလည်သွားပြီး ဗေဒင်ပညာတွေကို အားကိုးမပြုကြတော့ဘူးတဲ့။ ဒီနေရာမှာ နည်းနည်းမှတ်ကြပါ၊ ပြန်တွေးကြပါ။ လူတော်တော်များများဟာ "ကံနှင့် ကံအကျိုး ပေး"ကို နားမလည်ကြတဲ့အခါမှာ ငါ့ရဲ့ဘဝ ရှေ့လာမယ့် နှစ်တွေ၊ လတွေမှာ ဘာတွေဖြစ်မလဲ စသည်ဖြင့် တွေဝေနေကြတာကို တွေ့ရတယ်။ ရှေ့ဖြစ်မယ့် ကိုယ့်ရဲ့အပိုင်းကို ကိုယ် ကိုယ်တိုင်ကို စိတ်ချလက်ချ မရှိကြတော့ဘူး။ တစ်နည်းအား ဖြင့် ပြောရရင် အနာဂတ်နဲ့ပတ်သက်လို့ လျှောက်လှမ်းရတာ လမ်းပျောက်သလို ဖြစ်နေကြတယ်။ အဲဒီအတွက် အားကိုး ရှာကြတယ်ပေါ့။ နည်းနည်းလေး လောကဓံ ကြုံလာပြီ ဆိုရင် ဖြင့် ကြောက်လန့်တကြားနဲ့ အားကိုးရှာကြတယ်။ ဗေဒင် ဆရာဆီ သွားကြ၊ နတ်ဆရာဆီ သွားကြ စသည်ဖြင့် အားကိုး ရှာကြတဲ့သူတွေများတယ်။ အဲဒီလို အားကိုးရှာကြတဲ့ ပုဂ္ဂိုလ် များသည် ဘာကြောင့်လဲဆိုရင် ဘုရားရှင် ဟောကြားတော် မူခဲ့တဲ့ "ကမ္မဿကတာ သမ္မာဒိဋ္ဌိ"ဉာဏ် သူတို့မှာ မရှိလို့ဆိုတဲ့ အဖြေကို ရှာကြမှာဖြစ်တယ်။ သဘောပေါက်ကြပါ။



# ကံဆိုတာဘာလဲ

မြတ်စွာဘုရားရဲ့ သာသနာမှာ အခြေခံအကျဆုံး ဘုရားသည်"ကမ္မဿကတာ သမ္မာဒိဋ္ဌိ"ဉာဏ် ဖြစ်တယ်လို့ မှတ်သားကြရမယ်။ ဒီတော့ကာ "ကံ"ဆိုတဲ့ စကားနဲ့ ပတ်သက်လို့ ပထမဦးဆုံးရှင်းအောင် ဘုန်းကြီးက မေးပါမယ်။ "ကံ"ဆိုတာ ဘာကိုပြောတာလဲလို့ ဘုန်းကြီးမေးတာကို ကိုယ့်စိတ်ထဲမှာကိုယ် ဖြေထားကြပါ။ "ကံ"နဲ့ပတ်သက်လို့ရှိရင် ဘာမှမလုပ်ဘဲနဲ့ အင်အားတစ်ခုက လာပေးသယောင်ယောင် မမြင်ရတဲ့ အင်အားတစ်ခုလို့ တော်တော်များများက မြင်နေကြတယ်။



ကောင်းတဲ့ပြုလုပ်မှုကံကြောင့် ကောင်းကျိုးရပါတယ်။
မကောင်းတဲ့ပြုလုပ်မှုကံကြောင့် မကောင်းကျိုးရပါတယ်လို့
ရှင်းရှင်းလင်းလင်းနားလည်သင့်ကြတယ်။



## ကံ၏အစိပ္ပါယ်

တကယ်တော့‘ကံ’ဆိုတဲ့ စကားလုံးပေါ်မှာပဲ သုံးသပ်ကြရအောင်။ ကကြီးသေးသေးဘင် ကံလို့ ရေးကြတယ်။ ဒီသေးသေးတင် သဒ္ဒါဟာ ဘယ်ကလာသလဲဆိုရင် ‘မ’သဒ္ဒါကလာတယ်လို့ မှတ်ပါ။ (ကံ=ကမ်က ဆင်းသက်လာတာဖြစ်တယ်)။ အပြည့်အစုံ ပါဠိလိုရေးတဲ့အခါမှာ ကမ္မလို့ ရေးပါနောက်ပြုလုပ်ခြင်းလို့ မှတ်ကြပါ။ ပြုလုပ်တဲ့နေရာမှာ‘ကံ’ဟာ မိမိတို့သဏ္ဍာန်မှာ သုံးပိုင်းရှိပါတယ်။ ပြောပြလိုက်ရင် အားလုံးသိပါလိမ့်မယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးမျိုးရှိပါမယ်။ အဲဒီသုံးမျိုးမှာ ဘယ်‘ကံ’ဟာ အားအကြီးဆုံးလဲဆိုတာ ဖြေကြည့်ကြပါ။ အားအကြီးဆုံးသည် မနောကံလို့ မှတ်ကြပါ။

မနောကံမှာ မနော+ကံ(နှစ်)ခု ပေါင်းထားတာ ဖြစ်ပါတယ်။ မနော=စိတ်၊ ကံ=ပြုလုပ်ခြင်း ဖြစ်တဲ့အတွက် စိတ်နဲ့ပြုလုပ်စီမံတာတွေအားလုံးဟာ 'ကံ'ပဲပေါ့။ လူတိုင်းဟာ နေ့စဉ်နှင့် အမျှ အချိန်တိုင်း၊ အချိန်တိုင်းမှာ 'ကံ'ပြောက်နေကြတယ် ဆိုတာ မှတ်သားကြရမယ်။ အဲဒီနေရာမှာ ကောင်းကံ၊ မကောင်းကံ ဆိုတာတွေ ပါလာကြမယ်။

"ကံ ကိုချည်း မယုံပါနှင့်၊ ဉာဏ် ဝီရိယ ပေါင်းပါဦး" "ကံ ကိုချည်းမယုံပါနှင့်၊ ဉာဏ်ဝီရိယကိုလည်း အားကိုးပါဦး" "ကံ-ဉာဏ်,ဝီရိယ စုံမှဖြစ်မယ်"ဆိုတဲ့စကားတွေဟာ ကံနှင့် ဉာဏ်,ဝီရိယကို တစ်သီးတစ်ခြားစီရယ်လို့ ယူဆပြောဆိုနေပုံ ရပါတယ်။ ပြုလုပ်ခြင်း'ကံ'ဆိုတဲ့အထဲမှာ ဉာဏ်, ဝီရိယ ပါဝင်ပေါင်းစပ်မှုမရှိဘဲ မောဟ, ဒေါသ, မာန စသည်တို့ ပါဝင်ပေါင်းစပ်တဲ့ ပြုလုပ်ခြင်း'ကံ'ကို မကောင်းတဲ့ 'ကံ'ရယ်လို့ နားလည်သဘောပေါက်သင့်ပါတယ်။ ဒီတော့မှ ဘုရားရှင်ရဲ့ စကားတော်နဲ့အညီ ဖြစ်ပါတယ်။ ကောင်းတဲ့ပြုလုပ်မှု 'ကံ' ကြောင့် ကောင်းကျိုးရပါတယ်။ မကောင်းတဲ့ပြုလုပ်မှု 'ကံ' ကြောင့် မကောင်းကျိုးရပါတယ်လို့ ရှင်းရှင်းလင်းလင်း နားလည်သင့်ကြပါတယ်။ 'ကံ'ကို နှိမ့်ချပစ်ပယ်သကဲ့သို့ မပြောမိဖို့ အရေးကြီးပါတယ်။ ဘုရားရှင်နဲ့စကားကို ပစ်ပယ်ရာကျမှာစိုးလို့ ပြောနေရပါတယ်လို့ မှတ်ကြပါ။



## **စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ**

ဘုရားရှင်က 'ကံ'ကို ဘယ်လိုဟောကြား အမိန့်ရှိခဲ့သလဲဆိုလို့ရှိရင် "**စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ**" လို့ ဟောကြားခဲ့ပါတယ်။ အဓိပ္ပါယ်ကတော့ **ဘိက္ခဝေ**=ချစ်သားချစ်သမီးတို့၊ **စေတနာ**=စေ့ဆော်တဲ့ သဘောတရား"ဆိုတဲ့ တရားကို၊ **အဟံ**=ငါသည်၊ **ကမ္မံ**=ပြုလုပ်ခြင်းဟူ၍၊ **ဝဒါမိ**=ဆိုတယ်လို့ အဓိပ္ပါယ်ရပါတယ်။

ဘုရားရှင် ဟောကြားတော်မူရာ၌ 'ကံ'၏ အစဖြစ်ရာ အခြေခံဖြစ်ပေါ်ရာအကြောင်းအရင်း အခြေခံအစကလေးကို ဟောကြားခဲ့တာ ဖြစ်တယ်။ ဘုရားရှင်ရဲ့ ဉာဏ်တော်ကြီးက အင်မတန်ကြီးမားတော့ကာ **ကံ**=ပြုလုပ်ခြင်းရဲ့ အစဖြစ်ပေါ်

ရာလေးကို မြင်နိုင်ခဲ့တာ၊ စေတနာဖြစ်ပေါ်လာတာဟာ 'ကံ' လို့ ဘုရားကဟောကြားခဲ့တာ။ ဒီနေရာမှာ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီးကလည်း ဘယ်လိုအမိန့်ရှိခဲ့သလဲဆိုတော့"စေတနာကောင်းရင်'ကံ'ကောင်းမယ်၊ 'ကံ' ကောင်းရင် ဘဝအကျိုးပေး ကောင်းလိမ့်မည်၊ စေတနာညံ့ရင် 'ကံ'ညံ့မယ်၊ ဘဝအကျိုးပေးလည်း ညံ့လိမ့်မယ်၊ စေတနာဟာ ကောက်ကွေ့ရင်'ကံ'ဟာ ကောက်ကွေ့လိမ့်မယ်၊ ဘဝအကျိုးပေးလည်း ကောက်ကွေ့လိမ့်မယ်၊ စေတနာဖြောင့်ရင်'ကံ' ဖြောင့်လို့ ဘဝအကျိုးပေးလည်း ဖြောင့်လိမ့်မယ်၊ စေတနာဟာ အင်မတန် ယုတ်ညံ့လို့ရှိရင်'ကံ'ယုတ်ညံ့လို့ ဘဝအကျိုးပေးလည်း ယုတ်ညံ့လိမ့်မယ်၊ စေတနာမြင့်မြတ်လို့ရှိရင် 'ကံ' မြင့်မြတ်လို့ ဘဝအကျိုးပေးလည်း မြင့်မြတ်လိမ့်မယ်"လို့ ဟောကြားခဲ့တယ်။

ဒီနေရာမှာ စေတနာကိုသာ နားလည်သဘောပေါက်ရင် ကိုယ့်ဘဝကို ကြိုက်သလို ဖန်ဆင်းနေလို့ရတယ်လို့ အမိန့်ရှိခဲ့ခြင်းဖြစ်ပါတယ်။ သေချာမှတ်သားကြဖို့လိုတယ်နော်၊ စေတနာဟာ လောကအတွက် အသုံးချလို့ရမယ့်အရာတစ်ခုလို့ မှတ်ခဲ့ကြပါ။



## ‘ချမ်းသာ’၏ အသမှတ်ခံသဘောတရား

ဒီတော့ကာ စေတနာဖြစ်ပေါ်ပုံအစကို ရှာရာမှာ ဘယ်ကစပြီး ရှာရမလဲလို့ စဉ်းစားကြပါ။ ဒီနေရာမှာ သတ္တဝါတိုင်း၊ သတ္တဝါတိုင်း ဘာကို တောင့်တကြလဲလို့ စဉ်းစားကြရမယ်၊ တောင့်တတာတွေ အားလုံးပေါင်းလိုက်ရင် ‘ချမ်းသာ’ ဆိုတဲ့ အဖြေတစ်ခုပဲရမယ်၊ ‘ချမ်းသာ’ကို တောင့်တတယ်လို့ မှတ်ကြပါ။ မြတ်စွာဘုရားရဲ့ စကားဆိုတာ ငြင်းစရာမရှိဘူးနော်၊ ဘုရားရဲ့ဉာဏ်တော်ကြီးကို ကြည်ညိုရင်းနဲ့ အားလုံးဟာ ချမ်းသာကို တောင့်တကြတယ်လို့ မှတ်ပါ။ ဒီတော့ကာ ဘုန်းကြီးက မေးခွန်းတစ်ခုထုတ်ပါ့မယ်။ ကိုယ့်တိုင်ကိုယ်လည်း စဉ်းစားကြပါ။ ‘ချမ်းသာ’ဆိုတဲ့စကားကို သုံးနှုန်းနေကြ


တော့ 'ချမ်းသာ'ဆိုတဲ့စကားရဲ့ အသမုတ်ခံတဲ့သဘောက ဘာကိုသမုတ်ထားသလဲလို့ စဉ်းစားပါ။ ချမ်းသာဆိုတာ ဘာကိုခေါ်တာလဲ?၊ ဘာကို သမုတ်တာလဲလို့ အားလုံးစဉ်းစားကြတွေးကြည့်ကြပါ။

ဒီမေးခွန်းကို မဖြေရသေးခင် တစ်ခုထပ်မေးပါအုံးမယ်။ ထူးကြီးဆရာတော်က ရမည်းသင်းမြို့ တရားပွဲတစ်ခုမှာ မေးခဲ့တဲ့ မေးခွန်းတစ်ခု။ ဒကာ၊ ဒကာမအားလုံးကို ဆရာတော်က မေးတယ်။ 'လူတွေဟာ ဘာစားနေကြတုံး. . .၊' အဲဒီအရပ်က လူတွေက ဆရာတော်သံဃာတော်တွေကို ကိုးကွယ်နေကြတော့ ပညာရှိများတယ်။ ဘုန်းကြီးက မေးတော့ ရုတ်တရက်မဖြေနိုင်တော့ အဖြေရတော့ ခက်နေပြီ။ လူတွေက ထမင်းစားနေတာ သိရဲ့သားနဲ့ မေးနေတော့ အဖြေရခက်နေတာပေါ့။ ထပ်မေးမယ် "ဘာစားနေကြတုံး. . .?၊'လို့ ကိုယ့်တိုင်ကိုယ် စဉ်းစားထားကြပါ။ ဆရာတော်က သုံးခါလောက် ထပ်မေးပေမယ့် မဖြေရဲကြဘူး။ မဖြေကြဘူး၊ အဲဒီတော့မှ ဆရာတော်က "ပီတိကို စားနေကြတယ်"လို့ ဖြေတယ်၊ အဲဒီစကားနဲ့"ချမ်းသာ"ဆိုတဲ့စကားဆက်စပ်ကြည့်ရမယ်။ ဘုရားရှင် ဟောကြားဆုံးမခဲ့တဲ့ စကားတွေလို့မှတ်ပါ။ ချမ်းသာတာဟာ ပီတိနဲ့အတူတူပဲလို့ မှတ်ကြ


ပါ။ ဘယ်လိုနားလည်ရမလဲဆိုရင် မိမိရဲ့ စိတ်ကတောင့်တတဲ့ အာရုံနဲ့ဖြစ်ပေါ်လာတဲ့ အာရုံအချိုးတည့်တဲ့အချိန် မှာ နှလုံးစိတ်ဝမ်းအေးချမ်းမယ်။ နှစ်သက်သွားမယ်။ အဲဒီအချိန်ကို "ချမ်းသာ"လို့ ခေါ်ရမယ်တဲ့၊ သေချာစဉ်းစားကြပါ။ ဒီတော့ ပီတိဆိုတဲ့ သဘောတရားကို အကျဉ်းမှတ်ထားကြပါ။ စိတ်ဟာ နှလုံးသွေးမှာ မှီနေပြီး မှန်ထောင်ထားသကဲ့သို့လို့ မှတ်ပါ။ မိမိစိတ်က ကြံစည်တောင့်တတဲ့အခါမှာ ပုံသဏ္ဍာန်တွေ၊ အမူအရာ အရိပ်တွေပေါ်လာမယ်။ ပေါ်လာတဲ့ တောင့်တချက်အတိုင်း ဖြစ်ပေါ်လာတာဟာ အချိုးတည့်တဲ့ အခါ တိုက်ဆိုင်တဲ့အခါမှာ နှလုံးစိတ်ဝမ်း အေးချမ်းသွားမယ်။ အဲဒီအချိန်လေးကို ဗုဒ္ဓမြတ်စွာဘုရားက "ချမ်းသာ"လို့ သတ်မှတ်တယ်။ အဲဒါကို "ပီတိ"လို့ခေါ်မယ်။ ကျေနပ် နှစ်သက်ခြင်းပေါ့။ ကျေနပ်ခြင်း၊ နှစ်သက်ခြင်းတဲ့။ ဥပမာအားဖြင့် ကိုယ်ကငွေနှစ်ထောင်လောက် လိုနေတဲ့အချိန်မှာ နှစ်ထောင်သောငွေကို ရမယ်ဆိုလို့ရှိရင် ပီတိဖြစ်သွားမယ်။ နှစ်သက်တယ်ပေါ့။ အချိုးတည့်သွားတာကိုး။ ကိုယ်လိုနေတာက ငွေနှစ်ထောင်၊ ငွေနှစ်ရာလေးလာပေးလို့ ရင်ထဲမှာ အေးချမ်းပါ့မလား. . . ?၊ အချိုးမတည့်မတော့ မအေးချမ်းဘူးပေါ့။

အဲဒါကြောင့် တောင့်တတဲ့အာရုံနဲ့ ပေါ်လာတဲ့အာရုံ အချိုးတည့်သွားတဲ့ အချိန်လေးမှာ ချမ်းသာရမယ်တဲ့၊ သဘောပေါက်ကြပါ။ သတ္တဝါတွေ၊ လူတွေဟာ အချိန်တိုင်း၊ အချိန်တိုင်း တောင့်တတွေဟာ ရှိနေကြတယ်။ တောင့်တတာ အကြိမ်တစ်ရာမှာ အကြိမ်(ရှစ်ဆယ်)လောက်အချိုးတည့်ခဲ့ရင်ပဲ လူချမ်းသာလို့ ပြောရမှာဘဲ၊ ကိုယ့်ကိုယ်ကို စဉ်းစားပြီး ဖြေကြပါအုံး၊ တစ်နေ့ကုန်မှာ တောင့်တတဲ့ပုံစံတွေ အကြိမ်များစွာ ရှိနေကြတဲ့ အခါမှာ အကုန်လုံးအချိုးတည့်ကြပါ သလား. . . ?။ အချိုးတည့်တာနဲ့ မတည့်တာ ဘယ်ဟာများ မယ်ထင်သလဲ၊ အချိုးတည့်တာနည်းရင် ချမ်းသာဖြစ်ပါမလား၊ အားမရကြတာ၊ အလိုမကျကြတာ အချိုးမတည့်လို့ပေါ့။ ဥပမာအားဖြင့် ဒီနေရာမှာ ဒါဖြစ်ရမယ်လို့ သတ်မှတ်ချက် တစ်ခု "တောင့်တ"အဖြစ်ထားတယ်။ အချိန်ကုန်သွားလို့ ဖြစ်မလာဘူးဆိုရင် ရင်ထဲမှာ အေးပါ့မလား၊ မအေးရင် မချမ်းသာဘူးပေါ့။ တောင့်တတဲ့အချိန် သတ်မှတ်ချက်နဲ့ ကိုက်ညီပြီး ဖြစ်ပေါ်လာရင် အေးချမ်းပြီး အဲဒီအချိန်ကို "ပီတိ"လို့ခေါ်မယ်။ "ချမ်းသာ"လို့သတ်မှတ်မယ်။ အဲဒီတော့ "ချမ်းသာ"ဆိုတာ ရွှေ, ငွေ, အိုးအိမ်တွေမှာလည်း မရှိဘူး။ တောင့်တတဲ့အချိန်မှာ အချိုးတည့်တဲ့ တိုက်ဆိုင်တဲ့အချိန်

လေးမှာပဲ ခေတ္တအခိုက်အတန့်လေး နှစ်သက်သွားတဲ့ သဘောလေးကို ချမ်းသာလို့ခေါ်မယ်။ ဘုရားရဲ့ ဉာဏ်တော်ကြီးမားပုံကို မှန်းဆပြီး ကြည်ညိုလို့ရပြီ။ ဒီတော့ ချမ်းသာတာက အချိန်ပိုင်းလေးပဲ ရှိတယ်လို့မှတ်ရမယ်။ တောင့်တတိုင်း၊ တောင့်တတိုင်း အချိုးတည့်တာများတဲ့ ပုဂ္ဂိုလ်ဟာ လူချမ်းသာလို့ခေါ်တယ်။ "ချမ်းသာ"ဆိုတာ အားလုံးရှင်းကြပြီလား။



ကိုယ်ကတောင့်တတာက ရောဂါပျောက်ချင်တာ၊
ရွှေငွေတွေက မတတ်နိုင်ဘူးဆိုရင်
ကိုယ့်အတွက်ရွှေငွေတွေက အချိုးတည့်အောင်
လုပ်ပေးနိုင်ပါ့မလား။




## ‘ပုည’ဆိုသော ကောင်းမှု

စိတ်ကတောင့်တတဲ့အတိုင်းပဲ အာရုံတွေက အချိုးတည့်လာတာကို ချမ်းသာလို့ခေါ်တော့ အဲဒီလို အချိုးတည့်ခြင်းကိစ္စရဲ့ အကြောင်းအရင်းကို ထပ်ပြီး သေချာမှတ်ကြပါ။ အခံနဲ့အတိုက် တောင့်တတဲ့အခံနှင့် အာရုံအတိုက် အချိုးတည့်တဲ့ အချိန်လေးမှာ ချမ်းသာကိုရမယ်၊ အဲဒီလို အချိုးတည့်ဖို့အတွက် ဘယ်လိုအကြောင်းနဲ့မှ တည့်မလဲလို့ အမိန့်ရှိခဲ့ပါတယ်။ ကိုယ်ကတောင့်တတိုင်း၊ တောင့်တတိုင်း အချိုးတည့်ရတဲ့အကြောင်းရင်းကတော့ “ချစ်သားတို့၊ ချမ်းသာ၏ အမည်နာမအရင်းသည် ငါဘုရားက ‘ပုည’လို့ခေါ်မယ်”လို့


ဟောကြားခဲ့ပါတယ်။ ချမ်းသာဟာ ပုညလို့ခေါ်မယ်လို့ မှတ်ပါ။ 'ပုည'ဆိုတာက 'ကောင်းမှု'တဲ့၊ ကိုယ်ပြုတဲ့ကောင်းမှု ကုသိုလ်စေတက်ကို'ပုည'လို့ခေါ်ပါတယ်။ အခြေခံက ဒီမှာပဲ ပြီးဆုံးတယ်။ အခုပြောတဲ့ ချမ်းသာဆိုတာ သံဝေဂလေး ယူကြအောင်၊ အခုပြောနေတဲ့ ချမ်းသာကတော့ ကာမဂုဏ် နယ်က ချမ်းသာဖြစ်တယ်။ အားလုံးဟာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဆိုတဲ့ ငါးဒွါရမှာ အာရုံတွေ ကြိုက်တာ ကိုပဲ တောင့်တကြတယ်။ ဖြစ်ချင်တဲ့ပုံစံတွေ ဖြစ်လာအောင် ချမ်းသာရအောင်ဆိုပြီး တောင့်တပြီး ကြိုးစားကြတယ်။ အိုးတွေ၊ အိမ်တွေ၊ ရတနာရွှေ၊ ငွေတွေ၊ ဇနီးတွေကို ဘာ အတွက် ထားကြသလဲဆိုရင် တောင့်တတဲ့အချိန်မှာ အချိုး တည့်အောင်လို့ ချမ်းသာအတွက် ထားကြတယ်။ တစ်ခါ တစ်ရံ ရောဂါဝေဒနာပြင်းထန်လို့ ဆေးကုမရတော့တဲ့ အချိန် အခါမှာ ရွှေ/ငွေတွေက ချမ်းသာပေးပါ့မလား. . . ?၊ ကိုယ်ကတောင့်တတာက ရောဂါပျောက်ချင်တာ၊ ရွှေ/ငွေ တွေက မတတ်နိုင်ဘူးဆိုရင် ကိုယ့်အတွက် ရွှေ/ငွေတွေက အချိုးတည့်အောင် လုပ်ပေးနိုင်ပါ့မလား. . . ?၊ မလုပ်ပေး နိုင်ရင် ချမ်းသာလို့ခေါ်နိုင်ပါအုံးမလား၊ ဒါကြောင့် ပစ္စည်း ဥစ္စာတွေကို ချမ်းသာလို့မခေါ်ဘူး၊ ကိုယ်က တောင်းတတဲ့

အာရုံနဲ့ အချိုးတည့်တာကို ချမ်းသာလို့ခေါ်နိုင်တာ၊ သဘော ပေါက်ကြပါ။ ဒါဖြင့်ရင် တောင့်တတိုက်း၊ တောင့်တတိုင်း အချိုးတည့်အောင် ဘာရှိမှဖြစ်မလဲဆိုလို့ရှိရင် 'ပုည'ရှိမှလို့ မြတ်စွာဘုရားရှင်က အမိန့်ရှိခဲ့ပါတယ်။ 'ပုည'ဆိုတဲ့ကောင်းမှု ခာတ် မိမိကိုယ်မှာရှိမှ အချိုးတည့်မယ်။ ချမ်းသာရဲ့ အမည် နာမအရင်းကို'ပုည'လို့ခေါ်မယ်လို့ အမိန့်ရှိပါတယ်။

၂၃၄၄၅



မိမိရဲ့ သန္တာန်မှာရှိတဲ့ ကုသိုလ်ဓာတ်သတ္တိတွေ
ဘယ်ကလာသလဲဆိုလို့ရှိရင် စေတနာကလာရလိမ့်မယ်။





## ပုညနှင့် စေတနာကို ဆက်စပ်ကြည့်ရအောင်


အဲဒီ'ပုည'ဆိုတဲ့ စကားနဲ့ စေတနာဆိုတဲ့စကားနဲ့ ဆက်စပ်ယူကြရမယ်။ စေတနာဆိုတာက 'ကံ'ရဲ့ အခြေခံ ဆိုတော့ ကောင်း 'ကံ'၊ မကောင်း'ကံ'၊ ဆိုတဲ့ စကားနဲ့ ဆက်စပ်ကြရအောင်၊ ကောင်းတဲ့ 'ကံ'ကို 'ပုည'လို့ခေါ်ပြီး မကောင်းတဲ့'ကံ'ကို 'အပုည'လို့ခေါ်ရမယ်လို့ မှတ်ကြပါ။ ဒီ 'စေတနာ'ဟာ 'ပုည'နဲ့ ဆက်စပ်လို့ရပြီနော်၊ 'ပုည'ဟာ စေတနာကလာရမှာ၊ နားလည်ပြီလား. . . ?။ မိမိရဲ့ သန္တာန် မှာရှိတဲ့ ကုသိုလ်စိတ် သတ္တိတွေ ဘယ်ကလာသလဲဆိုလို့ ရှိရင် စေတနာက လာရလိမ့်မယ်။

စေတနာနဲ့ ပုညဆက်စပ်ပုံကို စဉ်းစားရအောင်၊ ဉာဏ်ကစားပြီး နည်းနည်းလေး စဉ်းစားကြည့်ပါ။ စေတနာကိုသာ ရှာနိုင်ရင် ခုနက ပြောတဲ့ပုညဆိုတဲ့ ကောင်းမှုဓာတ်ကို ဘုန်းကြီးတို့ ရလိမ့်မယ်။ ကိုယ့်တိုင်ကိုယ် စဉ်းစားကြပါ။ စေတနာဆိုတဲ့စကားကိုရပြီး၊ ကိုယ့်သန္တာန်မှာ စေတနာဆိုတာ ဘယ်အချိန်ပေါ်ပြီး ဘယ်အချိန်ချုပ်သလဲ၊ စေတနာဖြစ်ပေါ်ရာအစကို အားလုံးက ကတယ်ပဲ သိလားလို့ ကိုယ့်တိုင်ကိုယ် အဖြေရှာကြည့်ကြနော်. . .၊ သေချာစဉ်းစားကြည့်ပါ။ ဖြစ်ပေါ်လာပုံကို တကယ်သိသလိုလိုနဲ့ သေသေချာချာ မဖြေနိုင်ကြဘူး။ သိသယောင်ယောင်ပဲ၊ စေတနာကို ဘုန်းကြီးတို့ သုံးစွဲနေကြတာဖြစ်ပေါ်ပုံအစကို တကယ်သိသလားလို့ ဖြေကြည့်လို့ရှိရင် 'ကံနှင့် ကံအကျိုးပေး'ကို ဘုန်းကြီးက ကျမ်းစာရေးနေတဲ့အချိန်ဆိုတော့ကာ 'စေတနာ' အကြောင်း အခန်းကျတော့ကာ ပထမသိတယ်မှတ်လို့ ရေးမယ်ကြံစည်လိုက်တော့ အဲဒီနေရာရောက်တော့ ရေးလို့မရတော့ဘူး။ ဘုန်းကြီးလည်း တကယ်မသိဘူးဖြစ်နေတယ်။ မသိတော့မှ ထပ်ပြီးကြံစည်ရတယ်။ ဘုရားဟောတွေ ပြန်ရှာရတယ်။ ရှာကြည့်တော့မှ စေတနာရဲ့ဖြစ်ပုံအစက တော်တော်လေး နက်နဲတာကို တွေ့လာရတယ်။ ဒါလေးမြင်

သွားရင်ပဲ ဘုန်းကြီးတရားဟောရတာ ဝမ်းသာပါပြီ။ အားလုံး ရပါစေလို့ အပင်ပန်းခံပြီး ဟောပေးနေတာပါ။ ဒါလေးကို သိဖို့ မလွယ်ဘူးလို့မှတ်ကြပါ။



မင်းကွန်းဆရာတော်ဘုရားကြီးက
“ဆုံးဆုံးဖြတ်ဖြတ် ကြံစည်ခြင်းကို ဥပါဒ်နဲ့လို့
အမိန့်ရှိခဲ့တယ်။ သူ့ရဲ့ကျေးဇူးကြောင့် ဘုန်းကြီးတို့
အဖြေရှာလို့ရခဲ့တာ ဖြစ်တယ်”



## စေတနာရဲ့ မြစ်များ

စေတနာရဲ့ အစကို ဘယ်မှာပြန်ရှာမှ တွေ့သလဲဆိုတော့ ဘုရားရှင်ဟောကြားခဲ့တဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာမှာ ပြန်ရှာရတယ်။ ပဋိစ္စသမုပ္ပါဒ်မှာ အင်္ဂါ(၁၂)ပါးဆိုတာ ရှိတယ်။ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်-ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာ, မရဏဆိုတဲ့ (၁၂)ခုပါရှိတာမှာ တဏှာရယ်၊ ဥပါဒါန်ရယ်၊ ကမ္မဘဝရယ် အဲဒီ (၃)ခုကို ကြည့်ရမယ်နော်။ အဲဒီတော့ တဏှာကို ဘုန်းကြီးတို့ သိအောင်ရှာရမယ်။ တဏှာဖြစ်ပေါ်ပုံရယ်၊ ဥပါဒါန်ဖြစ်ပေါ်ပုံရယ်၊ မသိရင်ဖြင့် စေတနာကို သိမှာမဟုတ်

ဘူး။ နောက်တစ်ခါ တဏှာနှင့် စေတနာကို သိမှာမဟုတ်ဘူး၊ တဏှာဖြစ်ပေါ်ပုံကလည်း ခန္ဓာ(၅)ပါး မသိလို့ရှိရင် သိဖို့အကြောင်းမရှိဘူး။ ဒီတော့ကာ 'ကံနှင့်ကံ အကျိုးပေး'ဆိုတာ တိမ်သလား၊ နက်သလား အားလုံးစဉ်းစားကြပါ။ နက်နဲတယ်ဆိုတာ အားလုံးသဘောပေါက်ကြပါ။ အားလုံးရဲ့သန္တာန်မှာ အကြမ်းအားဖြင့် မှတ်ထားကြရမှာတော့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒွါရ(၆)ပါးမှာ အာရုံတိုက်တိုင်း၊ တိုက်တိုင်းမှာ ခန္ဓာ(၅)ပါးဖြစ်ပေါ်တယ်လို့ မှတ်လိုက်ပါ။ ဆိုလိုတဲ့ သဘောတရားက မျက်စိကိုအဆင်းတိုက်တဲ့အချိန်မှာသိတယ်ဆိုတာကရုပ်နဲ့နာမ်ပေါင်းပြီးမှ နာမ်ကသိတာဖြစ်တယ်။ ဝိပဿနာအခန်းမှာ အသေးစိတ်သင်ပြပါ့မယ်။ ကျန်တဲ့ ဒွါရ(၅)ပါးဖြစ်တဲ့ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့မှာ ပေါ်ချင်တာ ပေါ်သိတယ်ဆိုလို့ရှိရင် ရုပ်နာမ်ပေါင်းပြီးတော့မှ ခန္ဓာ(၅)ပါးဖြစ်တာလို့မှတ်ပါ။

အဲဒီတော့ကာ အရပ်စကားဖြင့် နားလည်လွယ်အောင်ပြောရအောင်၊ ဥပမာအားဖြင့် ရဟန်းတစ်ပါးကို သင်္ကန်းကပ်မယ်ဆိုပါစို့၊ ဒီစိတ်ကူးလေးစရင် ပထမ စ,စချင်းသင်္ကန်းကပ်မယ်ဆိုတာက ပါးစပ်မှာပေါ်မှာလား၊ ကိုယ်မှာ ပေါ်မှာလား၊ စိတ်မှာ ပေါ်မှာလား. . .၊ စိတ်မှာအလျင်ပေါ်မယ်။

အဲဒီတော့ စိတ်ကကိုင်းညွတ်ရတယ်၊ ကိုင်းညွတ်ရာမှာ စိတ်က အသစ်. . . အသစ်ဖြစ်ပေါ်လာတဲ့ အာရုံကို ဆွဲကိုင်လိုက်ရင်ပဲ ပုံသဏ္ဌာန်အရိပ်ဆိုတဲ့(ဓမ္မာရုံဆိုတဲ့အရိပ်)ပေါ်လာမယ်။ ကိုယ်ရဲ့ပုံသဏ္ဌာန်ရယ်၊ ပတ်ဝန်းကျင်ရဲ့ပုံသဏ္ဌာန်ရယ်၊ ပေါ်လာပြီး ထပ်ကာထပ်ကာဖွဲ့တဲ့အဆင့်သည် တဏှာအဆင့်ဖွဲ့ရာကနေ ဥပါဒန်အဆင့်ကို ကူးရမယ်။ ကူးတဲ့နေရာမှာ တော်တော်သိမ်မွေ့တာကိုတွေ့ရမယ်၊ လျှုဒါန်းဖို့အတွက် ဒီနေရာမှာခံစားချက်ထည့်လိုက်မှ ဥပါဒါန်အဆင့်ကိုကူးမယ် မင်းကွန်းဆရာတော်ဘုရားကြီး **"ဆုံးဆုံးဖြတ်ဖြတ်ကြံစည်ခြင်းကို ဥပါဒါန်"**လို့ အမိန့်ရှိခဲ့တယ်။ သူရဲ့ကျေးဇူးကြောင့် ဘုန်းကြီးတို့ အဖြေရှာလို့ရခဲ့တာဖြစ်တယ်။ ဆုံးဖြတ်ချက်ချဖို့အတွက် "စေချင်"ပါရမယ်။ ပြီးတော့မှ ဆုံးဖြတ်ချက်ချလိုက်မယ်ဆိုရင် ဥပါဒန်အဆင့် ဖြစ်ပါတယ်။

ဥပါဒါန်အဆင့်ပြီးတာနဲ့ စေတနာဟာ တစ်ဆက်တည်း ပေါ်လာတာလို့ မှတ်ကြပါ။ ဒီတော့မှ ပြုလုပ်ခြင်း "ကံ"ဟာ ဖြစ်ခွင့်ရပါတယ်လို့ သဘောပေါက် နားလည်သင့်ပါတယ်။

စကားအနေနှင့် တစ်ဆင့်ချင်းဟောနေတာဖြစ်သော်လည်း လျှပ်စစ်ကဲ့သို့ အလွန်လျင်မြန်စွာ ဖြစ်တယ်လို့လည်း

နားလည်သင့်ကြပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ ဉာဏ်တော်ကြီးနဲ့မို့သာ ပိုင်းပိုင်းခြားခြား သိမြင်ပြီး ဟောပြနိုင်ခဲ့တာလို့ မှတ်သားကြပြီး ဘုရားရှင်ကို ကြည်ညိုကြရမှာ ဖြစ်ပါတယ်။



## ရှင်စူဠနာဂရဟန်း၏ ပုံဝတ္ထု

ဥပမာတစ်ခုကတော့ အပေးချမ်းသာနဲ့ အောင်မြင်တဲ့ လမ်းကြောင်းကိုရသွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်အကြောင်းကို ပြောပြမယ်၊ ဓမ္မာစရိယ ဦးဌေးလှိုင်ကြီး ရေးသားပြုစုထားတဲ့ "သီဟိုဠ်ခေတ် စံတော်ဝင်များ"စာအုပ်မှာပါတဲ့ စူဠနာဂ အမည်ရတဲ့ ရဟန်းတစ်ပါးရဲ့အကြောင်းကို ဟောမယ်။ သူကျတော့ ပထမပိုင်းမှာ သာမန်ရဟန်းတစ်ပါးပဲ၊ လာဘ်လာဘလည်း သူလိုကိုယ်လိုပဲရတယ်၊ နောက်ပိုင်းကျတော့ သူ့အနေနဲ့ သစ်ပင်ရှိ ဆွမ်းရှိတယ်။ တောထဲသွားလည်း နတ်တွေက သူ့ကို မြင်တာနဲ့ လူယောင်ဖန်ဆင်းပြီး ဆွမ်းလောင်းကြ

ရတယ်။ အဲဒီလောက်အထိ လာဘ်လာဘပေါ်များတဲ့ ရဟန်းဖြစ်သွားတယ်။ အဲဒီသတ္တိတွေရအောင်၊ ဘဝပြောင်းအောင်၊ အခြေအနေတွေပြောင်းအောင် ဘယ်ကစသလဲဆိုလို့ရှိရင် မနောဒွါရကပဲစတယ်။ တစ်ရက်မှာ ဆွမ်းစားပြီးကာစ သပိတ်ဆေးနေဆဲမှာ သားသည်မိခင် ခွေးပိန်လေးတစ်ကောင် သူ့အနားကို ရောက်လာတယ်။ ရောက်လာတော့ ပထမအဆင့် သူ့စိတ်မှာ သူရယ်၊ ခွေးပိန်လေးရယ်ဖြစ်ပေါ်လာတယ်။ အဲဒီအချိန်မှာ ခွေးမလေးရဲ့ရင်ထဲက ခံစားချက်ကို နားလည်ပြီး ဥပါဒါန်ဘက်ကို ကူးတော့မယ်နော်၊ ခွေးမလေးမှာ ခွေးကလေးတွေက နို့ဆွဲတော့ အင်မတန်ဆာလောင်နေပြီ၊ ရင်ပူနေပြီ၊ အဲဒီခံစားချက်ကို သူကပျောက်စေချင်တယ်၊ ဘယ်လိုလုပ်ပေးရမလဲလို့ စဉ်းစားရင်နဲ့ သူ့ဗိုက်ထဲမှာ ခုနကစားထားတဲ့ ဆွမ်းပဲရှိတယ်။ အဲဒါကို အန်ကျွေးမှဖြစ်တော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ အဲတော့ အယူလား၊ အပေးလား၊ အပေးနဲ့စေတနာလို့ မှတ်ကြပါ။

ဆုံးဖြတ်ချက်ချတာနဲ့ တစ်ပြိုင်နက်တည်း ဒီတွန်းအားက သတ်မှတ်တဲ့ပုံစံ အခြေအနေရောက်အောင် ပို့ရတော့မယ်။ အဲဒီမှာ စေတနာပေါ်လာပြီး ကြွက်သားအာရုံ

ကြောတွေကတစ်ဆင့် စီးဆင်းပြီးတော့ကာ တကယ်အန်ကျွေးလိုက်တယ်။ ပထမအကြိမ် အန်ကျွေးလိုက်တော့ ခွေးလေးက ဟပ်ဟပ်ထိုးစားတယ်။ သူက ကြည့်လိုက်တော့ ခွေးလေးက မဝသေးတဲ့အမူအရာတွေ့ရတယ်။ ထပ်ပြီးတော့ တစ်ခါ အန်ကျွေးပြန်တယ်။ သူ့ရဲ့စေတနာမှာ ခွေးလေးဝလင်သွားတဲ့ပုံကို ဖော်ထားတာကို။ ခွေးလေးရင်ထဲ အေးပြီးပျော်သွားအောင် စိတ်ကညွတ်ထားတာ။ နောက်တစ်ကြိမ်ထပ်အန်ကျွေးတော့လည်း ခွေးလေးက, စားပြန်တာပဲ စားပြီးတော့လည်း ဝတဲ့ပုံသဏ္ဍာန်က မရှိပြန်ဘူး၊ မော့ကြည်ပြန်တော့ သုံးကြိမ်မြောက်အန်ကျွေးလိုက်တယ်။ အန်တယ်ဆိုတာ အင်မတန် ပင်ပန်းတယ်ဆိုတာ သိကြတယ်မဟုတ်လား. . .၊ အဲဒါကို သူက စိတ်ထဲမှာ ဂရုမစိုက်နိုင်ဘူး။ စေတနာက ဘယ်လောက်အထိ သန့်နေသလဲဆိုလို့ရှိရင် နာတာ, ကျင်တာတွေ သူ့မှာမစဉ်းစားနိုင်ဘူး၊ ဘာမှမပေါ်လာဘူး၊ခွေးလေး,ဝရေး စိတ်ချမ်းသာရေးကိုသာ အားစိုက်ထားတာ အင်မတန်စေတနာပြင်းထန်တယ်လို့ မှတ်ကြပါ။ သုံးကြိမ်ပြည့်အောင် အန်ကျွေးတော့မှ ခွေးလေးက ဝပြီးပျော်သွားမှ ရပ်လိုက်တယ်။ အဲဒီလိုဖြစ်တဲ့ ဇာတ်လမ်းလေးက ဘယ်ကလဲဆိုလို့ရှိရင် ခန့်မှန်းခြေအားဖြင့်(၁၀)မိနစ်၊

(၁၅)မိနစ်လောက်ပဲရှိမယ်။ အဲလောက်ပဲကြာပြီး ချုပ်ငြိမ်းသွားတယ်ဆိုသော်လည်းပဲ ဟိုဘက်က ဘာကျန်ခဲ့သလဲဆိုလို့ရှိရင် 'သတ္တိ' ကျန်ခဲ့တယ်။ သေချာမှတ်ကြနော်၊ ဘုန်းကြီးတို့တတွေရဲ့ ရင်ထဲမှ နှလုံးသွေးက အစဖြစ်ပေါ်ဖြတ်သန်းပြီး တစ်ကိုယ်လုံး လှည့်ပတ်နေတာ၊ အဲဒီအချိန်မှာ မှတ်တမ်းယူသလိုပဲ သတ္တိကပါသွားတယ်။ အဲဒီသတ္တိက **သူ့ကို အကျိုးပေးတော့ကာ စေတနာကောင်းရင်'ကံ'ကောင်းလို့ ဘဝ အကျိုးပေး ကောင်းမယ်လို့ မှတ်ကြပါ။**

ဘုရားရှင်ဟောတော်မူခဲ့တဲ့ စကားတစ်ခွန်းကို ထပ်ပြီးမှတ်ကြပါ။ 'သဒိသံ,ပါကံ,ဇနေတိ'တဲ့နော်။ ဘုန်းကြီးတို့ သိခဲ့တဲ့အကျိုးပေးနဲ့ ခြားနားတာကို တွေ့ရမယ်။ 'သဒိသံ' ဆိုတာ တူမျှတာကိုပြောတာ၊ 'ပါကံ'က အကျိုးတဲ့၊ 'ဇနေတိ' ဆိုတာက ပေး၏လို့ အဓိပ္ပါယ်ရတယ်။ 'တူမျှသော အကျိုးကို ပေး၏'လို့ ဟောခဲ့တာနော်။ မိမိစိတ်ထဲက ထားတဲ့အတိုင်း တူသောအကျိုးကို ပေးမယ်လို့မှတ်ပါ။ ရှင်စူဠနာဂက အဲဒီသတ္တိသွင်းတဲ့နေရာမှာ ခွေးလေးကို အန်ကျွေးတဲ့သတ္တိနော် ဖြစ်ပေါ်တဲ့ သတ္တိကလည်း အပြည့်၊ သတ္တိကသူ့မှာ အပြည့်ရှိလို့ မှတ်တမ်းလို သိမ်းသွားတဲ့အခါကျတော့ အဲဒီညကစပြီးတော့ ဓာတ်ကပြောင်းသွားတယ်။လူတွေ သူ့နာမည်ကို မေး,

မေးပြီးတော့ ညဘက်မှာ လှူစရာတွေက လာ,လာလှူကြတယ်။ တစ်ကျောင်းလုံးဟာ အလှူအပယ်စားကြရတယ်။ နောက်တစ်နေ့ ဆွမ်းခံကြွတယ်ဆိုရင်ပဲ လူတွေက အုန်းအုန်းကျွက်ကျွက်နဲ့ ဆွမ်းကြီးလောင်းပွဲလို လှူကြတာကိုတွေ့ရတယ်။ ရှင်စူဠနာဂကိုမြင်ရင် အန်ကျွေးမတတ် စေတနာထားကြတယ်။ မြင်တာနဲ့ သူ့အတွက်အရေးကြီးကြတယ်။ အေးအေး ဆေးဆေးမနေနိုင်ကြဘူး၊ သဘောပေါက်ကြရဲ့လား၊ သူ့အတွက်အရေးကြီးတယ်ဆိုတာ ဒီနေရာမှာ 'အရေးကြီး'ဆိုတဲ့စကား ထည့်သုံးမယ်။ သူက ခွေးလေးအတွက် တကယ်အရေးကြီးခဲ့တယ်ဆိုတာ စဉ်းစားကြည့်ကြပါ။ စေတနာသန်တာကို ဘုန်းကြီးတို့က အရပ်စကားနဲ့ပြောရင် အရေးကြီးတယ်လို့ သုံးရမယ်နော်၊ ဒါမှလည်း ပိုပြီးနားလည်ကြလိမ့်မယ်။ ဥပမာအားဖြင့် တောင်ကုန်းတစ်ခုပေါ်မှာ မိုးရွာခဲ့လို့ရှိရင် နိမ့်တဲ့၊ ပျော့တဲ့နေရာကို ရေကတိုက်စားသွားလို့ရှိရင် အရေးအကြောင်းလေး ပေါ်မလာဘူးလား. . .၊ အရေးအကြောင်းကြီးလာရင် ရေစီးပိုသန်သလို အရေးကြီးရင် အစီးသန်တယ်။ အရေးအကြောင်းကြီးရင် အစီးသန်တယ်ပေါ့။ အဲဒီလိုပဲ သူ့မှာက နောက်ထပ်ပေါ်လာတဲ့ စိတ်အသစ်, အသစ်တွေမှာ ခွေးလေးအတွက်ပဲ သန်ခဲ့

တာ။ ညမှာ ထမင်းဆာလိမ့်မယ်ဆိုတဲ့ ခံစားလာရမယ့် ဝေဒနာတွေ၊ အတွေးတွေ ပေါ်ခွင့်မရဘူး ။ အင်မတန် အရေးကြီးခဲ့တာကို သဘောပေါက်ကြတယ်နော်၊ အဲဒီ အတိုင်းပဲ အဲဒီအတူပဲ သူ့အတွက် လူတွေက အရေးကြီးကြ တာလို့မှတ်ကြပါ။


ဥပမာတစ်ခုပြောရရင် ကလေးဘဝမှာ စာမေးပွဲတွေ ဖြေခါနီး အရေးကြီးသလိုပေါ့၊ စာမေးပွဲနီးလာပြီး နံနက်ပိုင်း (၁၀)နာရီမှ စဖြေရမယ်။ (၈)နာရီကစပြီး ပြင်ဆင်တယ်ဆိုပါစို့ မိဘက ရေချိုးခိုင်းလည်း သူကတော့ စာမေးပွဲအတွက်ပဲ အရေးကြီးနေတာပဲ မဟုတ်လား၊ ဇောခါတယ်၊ ဇောမကျ ဘဲ အမြဲအရေးကြီးနေတာ၊ အပေးနဲ့စတဲ့ စေတနာမှာ အဲလို အရေးကြီးရမှာကိုပြောတာ၊ ကျန်တာတွေ အရေးမကြီးနိုင်တာ ကို ပြောတာ၊ အဲဒီလို ရှင်စူဋနာဂက အရေးကြီးခဲ့တော့ လူတွေက သူ့အတွက် ဆွမ်းကပ်လှူဖို့ အရေးကြီးကြတယ်။ သူ့ရဲ့ဆွဲအား၊ သူ့ရဲ့သတ္တိဆွဲအားကြောင့် စေတနာက အရေး ကြီးကြတာဖြစ်တယ်။ နောက်ဆုံးမှာ တောထဲမှာရှိတဲ့ ရုက္ခစိုး နတ်တွေကပါ မနေနိုင်ဘူး။ သူ့ကိုမြင်ရင် အရေးကြီးကြပြီး ဆွမ်းကောင်းစွာ လှူကြရတယ်။ သူ့ရဲ့ သတ္တိကြောင့်လို့ မှတ်ပါ။ သတ္တိရသွားပြီး အဲဒီသတ္တိက တူသောအကျိုးပေးခြင်း

ကို ရလာတာလို့ မှတ်ကြပါ။ ဘယ်အချိန်မှာ အဖြေကပိုပြီး ထင်ရှားသလဲဆိုရင် တစ်နေ့မှာ သီဟိုဠ်က ရဟန်းတွေက အိန္ဒိယပြည်ဘက်ကို ကူးပြီးတော့ကာ ဘုရားပွင့်ခဲ့တဲ့ ဗောဓိပင်ဘုရားဖူး ထွက်မယ်လို့ စီမံကြတယ်။ အိန္ဒိယကို ကူးဖို့က ပင်လယ်ဖြတ်ကူးပြီး ဟိုဘက်ကမ်းရောက်ကြရင် အသိမိတ်ဆွေက မရှိကြဘူး။ တောထဲကိုလည်း ဖြတ်ရမယ်။ တောထဲဖြတ်ရင်လည်း ဆွမ်း၊ ကွမ်းအခက်အခဲ ပေါ်လိမ့်မယ်။ မထေရ်ကြီးကို အတူတူကြွဖို့ ပင့်သွားရင် ဆွမ်းမငတ်နိုင်တော့ဘူးလို့ တကယ်လည်းပဲ သူပါလာတော့ နတ်တွေက ဆွမ်း၊ ကွမ်းလောင်းကြ၊ လှူကြတော့ အားလုံးအတွက် တစ်လမ်းလုံး အဆင်ပြေကြတယ်။ ဒါပေမဲ့ ဘုရားပွင့်တဲ့ ဗောဓိပင်ကို ဖူးပြီးကြတဲ့အချိန်မှာ မထေရ်ကြီးက မကျန်းမမာဖြစ်တယ်။ နောက်ဆုံးမှာ ခန္ဓာဝန်ချရမယ့် လက္ခဏာတွေကိုမြင်လို့ ခန္ဓာဝန်ချမယ်ဆိုရင် အပြန်လမ်းမှာ အရှင်ဘုရားသာမပါရင်တော့ ဒုက္ခရောက်ပါလိမ့်မယ်။ ဘယ်လိုလုပ်ရပါမလဲလို့ အားလုံးကဝိုင်းပြီး အကြံဉာဏ်တောင်းကြတယ်။ ဒီအချိန်မှာ မထေရ်ကြီးက 'ကံနှင့် ကံအကျိုးပေး'ကို နားလည်ထားပြီးသား ရဟန္တာဖြစ်တဲ့အတွက် ပြန်ဖြေတယ်။ 'ငါ့ရှင်တို့ လာဘ်လာဘ ပေါ်စေတဲ့အကြောင်း

ရင်းက ငါရဲ့သွေးသားခြင်ဆီထဲမှာ သတ္တိကိန်းနေတာ ဖြစ်တယ်။ ငါသေတဲ့အခါ ခန္ဓာဝန်ချတဲ့အခါ ငါ့ခန္ဓာတစ်ခု လုံးကို မီးသဂြိုဟ်လိုက်ပါ။ အဲဒီအခါ ဓာတ်တော်ကျလိမ့် မယ်။ အဲဒီဓာတ်တော်တွေကို အသီးသီးရေစစ်ထဲမှာ ထည့်၊ သပိတ်မှာ ချည်ပြီးပြန်ကြပါလို့ မှာခဲ့တယ်။ ဒီနေရာမှာ သွေးသားခြင်ဆီထဲအထိ သတ္တိကိန်းတာကို အဖြေရမယ်။ သေချာမှတ်ထားကြပါ။ မထေရ်ကြီး ခန္ဓာဝန်ချလို့ မီးသဂြိုဟ် တဲ့အခါ ဓာတ်တော်တွေကျလို့ မှာကြားတဲ့အတိုင်း **ဆောင် ရွက်ပြီး** ပြန်လာတဲ့အခါ မထေရ်ကြီးပါသလိုပဲ န**တ်တွေက** ဆွမ်းလောင်းကြ၊ လှူကြတုန်းပဲလို့ မှတ်ခဲ့ရတယ်။

ဒီနေရာမှာ ထပ်ပြီးသဘောပေါက်ကြဖို့ကတော့ ဘုန်းကြီးအပါအဝင် တရားနာတဲ့ ပုဂ္ဂိုလ်အားလုံး တစ်ကိုယ်စီ၊ တစ်ကိုယ်စီရှိကြတဲ့အခါ လူတွေကိုယ်လုံးချင်းတူပေမယ့် အထဲမှာရှိတဲ့ ဓာတ်ချင်းတူပါ့မလား၊ ဓာတ်ချင်းမတူတာ ဘာကြောင့် မတူတာလဲဆိုတာကို အဖြေရှာရတော့မှာနော်၊ ဘယ်ကစသလဲ၊ ဓာတ်တွေပြောင်းတာက မနောဒွါရကစပြီး ပြောင်းတယ်လို့ မှတ်ကြပါ။ ဓာတ်က အကောင်းနဲ့အဆိုး ခွဲမယ်ဆိုရင် အယူသမားတွေရဲ့ဓာတ်က ကောင်းပါ့ မလား. . .၊ မကောင်းနိုင်ဘူး. . .၊ အပေးသမားကျတော့

ကောင်းမယ်. . .၊ အဖြေကို ဖော်နိုင်ကြပြီးလား. . .၊ ကိုယ့်ရဲ့စိတ်ကို ပြန်စစ်ပေါ့နော်၊ အကြိမ်များစွာ ငါဟာတစ်ဖက်သား နှလုံးစိတ်ဝမ်းအေးချမ်းအောင် ပေးခဲ့တဲ့ဆုံးဖြတ်ချက်တွေနဲ့ 'ကံ'မြောက်ခဲ့တာ ဘယ်လောက်များခဲ့သလဲလို့ ဒါမှမဟုတ် အစပိုင်းလေးမှာ ငါ့အတွက်ဆိုပြီး သူ့ကို အသုံးချပြီးတော့ပေးတာ ဘယ်လောက်များသလဲ. . .၊ စေတနာဖြောင့်တာ ဘယ်လောက်များသလဲ. . .၊ စေတနာညံ့တာ ဘယ်လောက်များသလဲ. . .၊ အဖြေပြန်ရှာကြပါ။ ရှာရင်တော့ အဖြေအပေါ်နိုင်ပြီနော်၊ သဘောပေါက်ကြရဲ့လား၊ ကိုယ့်ရဲ့မွေးနေ့ဆိုပြီး တော့ ဘယ်နှစ်ခါ လှူဖူးသလဲ၊ ခဏခဏ လှူဖူးခဲ့ကြတယ် မဟုတ်လား?. . .။



နှလုံးအိမ်မှာရောက်တဲ့အချိန် စိတ်ကပေါ်ခွင့်ရတယ်။ အာရုံကို ဆွဲကိုင်တယ်၊ ကြံစည်စိတ်ကူးတဲ့ ဇာတ်လမ်းတွေက နှလုံးအိမ်မှာရှိတဲ့ နှလုံးသွေးမှာပဲ ဖြစ်ပေါ်တယ်လို့ မှတ်ကြပါ။

စိတ်ကူးအားလုံးစေတနာအားလုံးကို ခွဲခြားလိုက်ရင် ၂-ပိုင်းပဲ ရှိမယ်၊ အယူချမ်းသာနဲ့ အပေးချမ်းသာ ၂-ခုပဲ ရှိမယ်လို့ မှတ်ပါ။



## လောသကတိဿရဟန်းပုံဝတ္ထု

ဘုရားလက်ထက် လောသကတိဿဆိုတဲ့ ရဟန်းတစ်ပါးရဲ့ အယူချမ်းသာအကြောင်းကို အဆိုးနှင့်အကောင်းနှစ်ခုယှဉ်ပြီး ပြောကြရအောင်၊ အဲဒီရဟန်းဟာ ဘယ်လောက်အထိ သူ့ရဲ့ အကျိုးပေးညံ့သလဲဆိုလို့ရှိရင် ကိုရင်ဘဝကစပြီး ပထမဦးဆုံး ဆွမ်းခံရတဲ့ ရက်ကစလို့ ပထမအိမ်တစ်အိမ်က ဆွမ်း(သို့မဟုတ်) ဆန်ပြုပ်တစ်ဇွန်း လောင်းလိုက်တယ်။ အဲဒီနောက် တစ်ခြားအိမ်တွေက ဆွမ်းလောင်းဖို့ သူ့သပိတ်ကို ကြည့်လိုက်ရင် သပိတ်ထဲမှာ ဆွမ်းတွေပြည့်လျှံပြီး လောင်းစရာနေရာမရှိလို့ မလောင်းကြတော့ဘူး။ အိမ်ပေါက်စေ့လျှောက်ပြီး ဆွမ်းခံလည်း တစ်ဇွန်းသောဆွမ်းထက် ပိုပြီး

မရတော့ဘူး။ အဲဒီတစ်ဇွန်းသောဆွမ်းကိုပဲ ရေနဲ့ သပိတ်ထဲမှာကျင်းပြီး နေ့စဉ်ဘုဉ်းပေးလာခဲ့တာ ရဟန်းဘဝအထိပဲတဲ့၊ အဲဒီ ရဟန်းဟာ လာဘ်လာဘအင်မတန်နည်းလို့ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက ခေါ်သွားတယ်။ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက တစ်သချေ်နဲ့ ကမ္ဘာတစ်သိန်းပါရမီဖြည့်ခဲ့တဲ့သူဖြစ်တော့ သူနဲ့တွဲရင် လာဘ်လာဘပေါကောင်းပေါမယ်ဆိုပြီး အဲဒီအားနဲ့ ခေါ်တာဖြစ်တယ်။ အဲဒီရဟန်းက ဘယ်လောက်အထိညံ့သလဲဆိုလို့ရှိရင် ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကိုတောင်မှပဲ လှူကြမယ့်သူတွေက မမြင်ရဘူးတဲ့၊ အားလုံးဟာ ပျောက်ကွယ်ပြီး မမြင်ရလို့ ဆွမ်းမလောင်းကြဘူးတဲ့၊ မထေရ်မြတ်ကြီးက ဆွမ်းမရတော့မှ 'မဖြစ်ဘူး ငါ့ရှင်၊ သင်ရဲ့အားက အင်မတန် အားကြီးနေတယ်၊ ကျောင်းကိုပြန်သွားနှင့် ဇရပ်ကစောင့်နေ၊ လှူမယ့်သူတွေကို ငါလွှတ်လိုက်မယ်'လို့ မှာရတယ်။ ကိုယ်တော်ကြီးတစ်ပါးတည်း ကြွလာတော့မှ လူတွေကမြင်ပြီး လောင်းကြ လှူကြတယ်၊ ဆွမ်းခံပြီး ဆွမ်းစားရင်းနဲ့ ဒကာတွေကို ဆွမ်းသွားလှူကြပါလို့ အမည်နာမ၊ ဇရပ်ကိုပြောပြီး လွှတ်လိုက်တယ်။ သွားလှူတဲ့ ဒကာတွေကဇရပ်မှာ အဲဒီရဟန်းရှိနေတာကို မမြင်ကြရလို့ ကိုယ်လှူမယ့်ဆွမ်းကို ကိုယ်တိုင်စားပြီး ပြန်ကြရ

တယ်။ အဲဒီလောက်အထိ ကံကဆန်းကြယ်တယ်။ မွန်းလွဲတဲ့ အချိန်မှာ ရှင်သာရိပုတ္တရာကြီးက တစ်ခေါက်ကြွပြီး 'ငါ့ရှင် စားရရဲ့လား'လို့ မေးတော့။ အဖြစ်အပျက်ကို တိဿမထေရ်က ပြန်လျှောက်တယ်။ 'ဩော်. . . ငါ့ရှင်ရဲ့ ကံက ဆိုးပါလား။ တယ်လည်း အားကြီးပါလား'လို့ ပြောပြီး၊ ခဏနေဦးဆိုပြီးတော့ ကောသလမင်းကြီးထံ အရေးကြီးတဲ့ သပိတ်နှင့်သွားပြီး စတုမဓုဆေးကို အလှူခံခဲ့တယ်။ ပြီးမှ ရှင်တိဿ ရဟန်းနားချဉ်းကပ်သွားပြီး စဉ်းစားကြည့်လိုက်ပြီးတော့ 'ငါ့ရှင်၊ သပိတ်ကို သင့်လက်ထဲထည့်လိုက်ရင် ဒီစတုမဓုတွေဟာ ပျောက်ကွယ်သွားနိုင်တယ်'လို့ပြောပြီး သပိတ်ကိုကိုင်ပြီး ကိုယ်တိုင်ခွံ့ပြီး ကျွေးတယ်တဲ့။ အဲဒီတစ်ခါပဲ ဆွမ်းဝ, အောင် ဘုဉ်းပေးသွားရပြီးတော့ကာ ပရိနိဗ္ဗာန်ပြုသွားရှာ တယ်။

ဘာအတွက်ကြောင့် အဲဒီလောက် အကျိုးပေးညံ့ သလဲဆိုတာ ကြည့်ရအောင်၊ ပြီးခဲ့တဲ့ အတိတ်က စေတနာကြောင့်ကို ပြန်ကြည့်ရမယ်၊ သူဟာ တစ်ခုသောဘဝမှာ တောရွာက ကျောင်းထိုင် ဆရာတော်ဖြစ်ခဲ့ဖူးတယ်။ ရဟန်းဘဝ နဲ့ပဲလို့ မှတ်ပါ။ သူ့ကို သူကြွယ်တစ်ယောက်က ကျောင်း ဆောက်ပြီးလှူထားတယ်။ တစ်နေ့သောအခါ သူကြွယ်ဟာ ရဟန္တာမထေရ်ကြီးတစ်ပါးကို ပင့်လာတယ်။ အဲဒီကျောင်း

ထိုင်ရဟန်းက ဝါငယ်တယ်။ ညနေစောင်းရောက်တော့ ‘အရှင်ဘုရား၊ ဒီမထေရ်ကြီးကို ခေတ္တသီတင်းသုံးစေပါဘုရား၊ နံနက်ကျရင်လည်း ဒီမထေရ်ကြီးနဲ့အတူ ဆွမ်းစားကြွပါဘုရား’လို့ ပင့်လျှောက်သွားတယ်။ တကယ်ဆိုရင်တော့ သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်ဆိုရင် ဝမ်းသာစရာအလုပ်ပဲ၊ ဒါပေမဲ့ ကျောင်းထိုင်ရဟန်းရဲ့ တစ်ညလုံးမှာ သူ့ရဲ့တဏှာ၊ ဥပါဒါန်၊ ကံဖြစ်ပေါ်ပုံစေတနာက လမ်းကြောင်းပြောင်းတာကြည့်ပါ။ မထေရ်ကြီးရယ်၊ သူရယ် သီတင်းသုံးခွင့်ပြုထားတဲ့အဆင့်မှာ တဏှာအဆင့်ပေါ်နေ၊ ဒီမထေရ်ကြီးရှိရင် ငါဟာအနေကျပ်တော့မှာပဲလို့ အယူနဲ့စဉ်းစားတယ်၊ သူဟာ ကိုယ့်ဘက်ကိုပဲ ကြည့်တယ်။ ဒီမထေရ်ကြီးသာ ကျောင်းမှာမြဲသွားခဲ့ရင် သူကြွယ်က သူ့ကိုအရေးပေးတော့မှာ မဟုတ်ဘူး၊ ငါ့ရဲ့ အရှိန်အဝါတွေလျော့ပြီး လာဘ်လာဘတွေ သူ့ကိုပေးရတော့မယ်၊ ဒီအတွေးဟာ အပေးခေါ်မလား၊ အယူခေါ်မလား. . .၊ မထေရ်ကြီးဘက်ကို မကြည့်တော့ဘူး။ အယူနဲ့ မထေရ်ကြီး မရှိစေချင်တော့ဘူးလို့ မရှိအောင် ဆုံးဖြတ်ချက်ချလိုက်တယ်။ ‘စေချင်’က ဆုံးဖြတ်ချက်ချစေပြီးတော့ ဘာလုပ်သလဲဆိုလို့ရှိရင် မထေရ်ကြီးရဲ့ ကျေးဇူးမဲ့တွေကို ဖော်ထုတ်ပြီး သူကြွယ်က အမြင်ကတ်သွားအောင် ကြိုးစားမယ်လို့

ဆုံးဖြတ်ချက်ချလိုက်တယ်။ အဲဒီမှာ စေတနာက အကောင်းလား၊ အဆိုးခေါ်မလား၊ စေတနာအဆိုးဖြစ်ပေါ်လာတဲ့အတိုင်း နံနက်မှာ လုပ်ဆောင်ချက်ကစပြီး၊ ကံမြောက်ပြီပေါ့။ သူသတ်မှတ်တဲ့ပုံက မထေရ်ကြီးကျောင်းမှာ မရှိတော့တဲ့ပုံကို ကြိုတွေးပြီး ဖော်ထားတယ်။ နံနက်အစောကြီးထတဲ့အခါ အုန်းမောင်းတွေ ခေါက်၊ ကြေးစည်တွေ ထု၊ တံမြက်စည်းတွေ လှည်းတဲ့အခါမှာ အသံမကြားအောင် သာသာလေးလုပ်တယ်။ မထေရ်ကြီးအိပ်ခန်းတံခါးကို သာသာလေးသွားခေါက်ပြီး သပိတ်ကလေးပိုက်၊ ခြေထောက်ကလေး ဖော့နင်းပြီး ဆင်းလာခဲ့တယ်တဲ့။ သူကြွယ်ရဲ့အိမ်ရောက်တဲ့အခါမှာ သူကြွယ်က ဆီးမေးတယ် 'အရှင်ဘုရား၊ မထေရ်ကြီး ပါမလာဘူးလား'လို့'မေးတယ်။ သူပြောပုံက ကြည့်နော်၊ သူပြောပုံလေးက 'ဒကာကြီးရယ်၊ ရဟန်းတဲ့ဗျာ ကျုပ်က အစောကြီးထပြီးတော့ ကြေးစည်တွေ ထု၊ အုန်းမောင်းတွေခေါက်၊ တံမြက်စည်းတွေ လှည်း၊ တံခါးလည်းခေါက်ပြီးတော့ နိုးပါတယ်ဗျာ၊ မနိုးပါဘူး'လို့ ပြောချလိုက်တယ်။ ကောင်းကျိုးကို ပြောတာလား၊ အပြစ်ကို ပြောတာလား၊ အပြစ်ကိုပြောတာနော်။ ဒီနေရာမှာ မှတ်ချက်လေး ယူရအောင်၊ အပြစ်ကို ပြောတဲ့အခါမှာ တစ်ဖက်သားရဲ့ ကောင်းပုံ ပါပါ့မလား၊

မပါရင်ပြောတဲ့စကားလုံးထဲမှာ ဘာပါလဲဆိုလို့ရှိရင် မေတ္တာကင်းမဲ့ခြင်း၊ မုန်းသွားတဲ့အခါမှ အဲဒီပုဂ္ဂိုလ်အပေါ်မှာ ပေးမယ်ဆိုတဲ့ အခွင့်အရေးတွေ ပိတ်ဆို့သွားခြင်းဆိုတဲ့ အချက်တွေပါပြီး အဲဒီသတ္တိတွေက အခုနကပြောတဲ့ ရဟန်းမှာပဲ ပြန်ရတယ်၊ အဲဒါလေးကို မှတ်ခဲ့ပါ။

ရဟန်းကပြောတော့ သူကြွယ်က ဘယ်လိုပြန်လျှောက်သလဲဆိုတော့ "အရှင်ဘုရား၊ မထေရ်ကြီးက ခရီးပန်းလာလို့နေမှာပါဘုရား"လို့ ဖြေတယ်၊ အဲဒီတော့ သူ့မှာပိုပြီး အခံရခက်သွားတယ်။ နောက်တော့ ဆွမ်းကပ်တယ်ပေါ့။ ဆွမ်းကပ်ပြီးတော့ သူကြွယ်က "အရှင်ဘုရား၊ သပိတ်ပေးပါအုံး ဘုရား"ဆိုပြီး သပိတ်ကို ပြောင်အောင်ဆေး၊ နံ့သာနဲ့ လိမ်းကျံပြီးတော့မှ တန်ဖိုးရှိတဲ့ ထောပတ်တွေ သကာတွေနဲ့ ရောတဲ့ ဆွမ်းကိုထည့်လို့ အဲဒါကို မထေရ်ကြီးအတွက် ယူသွားပေးပါလို့ လျှောက်လိုက်တယ်။ အဲဒါကို သူက သယ်လာခဲ့ရတော့ သူ့ရင်ထဲမှာ ဘယ်လောက်ခံစားရမလဲ၊ စဉ်းစားကြည့်ပါ။ သူဖြစ်စေချင်တာက တစ်မျိုး၊ ဖြစ်လာတာက တစ်မျိုးဆိုတော့ ရင်ထဲမှာ မချမ်းသာတော့ဘူးပေါ့။ အဲတော့မှတ်ပါ။ လောကမှာ လူတွေက ဖြစ်စေချင်နဲ့ ပုံစံနဲ့ ဖြစ်လာတဲ့ပုံစံ အချိုးမတည့်တော့ ရင်ပူကြတာ ဓမ္မတာပါပဲ။

သဘောပေါက်ရဲ့လား?. . ။ ကိုယ်က သိန်းပေါင်းများစွာ ချမ်းသာချင်တယ်၊ ဖြစ်နေတာက မချမ်းသာဘူးဆိုရင် ရင်ထဲမှာ သက်သာပါ့မလား၊ တောင့်တတဲ့ပုံစံနဲ့ အချိုးမကျရင် ပင်ပန်းတယ်။ ရဟန်းအကြောင်း ဆက်ရရင် သပိတ်နဲ့ဆွမ်းကို မသက်မသာနဲ့ သယ်လာရင်း လမ်းကိုရောက်တော့ အင်မတန် ပြင်းထန်တဲ့ စေတနာဆိုးကြောင့် တောမီးလောင်နေတဲ့ အထဲကို အဲဒီဆွမ်းတွေ အကုန်သွန်ပစ်လိုက်တာ။ အဲဒီလို အစဖျောက်လို့ ဝမ်းသာပီတိဖြစ်ပြီး ပြန်သွားတာပေ့ါ။ ကျောင်းကိုရောက်တော့ ရဟန္တာမထေရ်ကြီးက သူ့အကြောင်းကို ရိပ်မိတော့ကာ ရဟန္တာတစ်ပါး ဖြစ်တယ်လို့ သိစေတဲ့ အမှတ်အသားပြုလုပ်ပြီးတော့ကာ ထွက်သွားနှင့်ပြီ။ အဲဒီတော့မှ နောင်တရပြီး ပြစ်မှားမိခြင်းကို ပူပန်ရပြန်တယ်တဲ့။ အဲဒီ 'ကံ' နဲ့ပဲ သေသွားတယ်။

ဒီနေရာမှာ ဘုန်းကြီးတို့အနေနဲ့ ကံမြောက်တဲ့ အကြောင်းနဲ့ ပုညအကြောင်းကို ဆက်စပ်ရအောင်၊ ပင်မအားဖြင့် ဒါတွေဘယ်မှာ ဖြစ်ပေါ်နေတာလဲ ဆိုလို့ရှိရင် မနောဒွါရ(စိတ်)မှာ ဖြစ်ပေါ်နေတာလို့ မှတ်ပါ။ မနောဒွါရ(စိတ်)ဟာ ဘယ်မှာမှီသလဲဆိုရင် နှလုံးသွေးမှာ မှီနေပါတယ်။ မနောဆိုတဲ့ စိတ်မှီတဲ့သွေးဟာ တည်ငြိမ်စွာ ရှိမနေဘဲ တစ်ကိုယ်

လုံးကို လှည့်ပတ်နေတယ်။ နှလုံးအိမ်မှာ ရောက်တဲ့အချိန် စိတ်ကပေါ်ခွင့်ရတယ်။ အာရုံကို ဆွဲကိုင်တယ်။ ကြံစည် စိတ်ကူးတဲ့ ဇာတ်လမ်းတွေက နှလုံးအိမ်မှာရှိတဲ့ နှလုံးသွေး မှာပဲ ဖြစ်ပေါ်တယ်လို့ မှတ်ကြပါ။ ဖြစ်ပေါ်တယ်ဆိုရင် ဖြစ်ပြီး ချုပ်တိုင်း၊ ချုပ်တိုင်းမှာ တိပ်ခွေမှာ အသံဖမ်းထားသလို သတ္တိ ကိန်းပြီး ကျန်ရစ်ခဲ့တယ်။ အဲဒီ သတ္တိကိန်းတဲ့သွေးက ခန္ဓာ ကိုယ်မှာ အသားတွေကို အစားထိုးတယ်။ ရိုးတွင်းခြင်ဆီအထိ အစားထိုးတယ်။အဲဒီတော့ သွေးသားခြင်ဆီအထိ သတ္တိကိန်း နေတယ်လို့ မှတ်ပါ။ ဒီနေရာလေးမှာ အင်မတန်ကြောက်စရာ ကောင်းတာကို မှတ်ထားကြပါ။ ဘုန်းဘုန်းတို့ ထိုင်နေဆဲမှာ သွေးဟာ ငြိမ်မနေဘဲ မပြတ်လှည့်ပတ်နေတာ၊ နှလုံးအိမ်ကို ဖြတ်သန်းပြီး သွားလာနေတာ၊ တွေးသမျှ ကြံသမျှတွေအား လုံးကို တိပ်ခွေမှာ အသံဖမ်းထားသလိုပဲ သွေးထဲမှာ အကုန် ပါသွားပြီး သတ္တိကိန်းနေတယ်။ တစ်နည်းအားဖြင့် မှတ်သား ယူနေသလို မပြတ်ရှိနေတယ်လို့မှတ်ပါ။ ကောင်းတာတွေ လည်းပဲ ကောင်းတဲ့စေတနာ အနေနဲ့၊ မကောင်းတာတွေ လည်းဘဲ မကောင်းတဲ့စေတနာအနေနဲ့ ကြံစည်သမျှ မှတ်တမ်းပ်ါသလို သတ္တိကိန်းပြီး ပါသွားမှာပဲလို့ မှတ်ကြပါ။


အခုနက တိဿရဟန်းဟာ သူကြံစည်လိုက်တာက

ဘယ်လောက်ကြာသလဲဆိုရင် တစ်ညနဲ့တစ်မနက်ပဲ ကြံစည် စဉ်းစားခဲ့တာ၊ အပေးမဟုတ်တဲ့ စေတနာဆိုးဖြစ်တဲ့ အယူနဲ့ သွားတာ၊ စေတနာပေါ်တဲ့ အစလေးမှာ သူ့အတွက် ပျက်စီး မှာစိုးလို့ တစ်ဖက်သားကို ပျက်စီးစေတဲ့ စေတနာဆိုးတဲ့ ကံ မြောက်ခဲ့တာဟာ ဘယ်လောက်ပဲ ကြာသလဲဆိုလို့ရှိရင် တစ်ညနဲ့ တစ်မနက်ပဲရှိတယ်။ အဲဒီကာလလေးနဲ့ ဘယ် လောက်အထိ ခံလိုက်ရသလဲဆိုလို့ရှိရင် ငရဲကျတယ်။ ငရဲက ပြန်တက်လာတော့လည်း ဘီလူးဘဝ၊ ခွေးဘဝတွေမှာ အင်မ တန်ဆင်းရဲတယ်။ နောက်ဆုံးလူဖြစ်လာတဲ့အခါမှာ သန္ဓေမှီ တဲ့အချိန် သူ့ရဲ့သန္ဓေက အင်မတန်ညံ့လွန်းတော့ တစ်ဖက် သားရဲ့ လာဘ်လာဘကို ပိတ်ဆို့စေခဲ့တယ်။ ကိန်းခဲ့တဲ့ သတ္တဝါ က ညံ့လွန်းအားကြီးတော့ကာ သူသန္ဓေမှီခဲ့တဲ့အရပ်မှာ ရပ်ကွက်မှာရှိတဲ့ ပုဂ္ဂိုလ်တွေဟာ စီးပွားရှာလို့ အင်မတန်ခက် ခဲပြီး စီးပွားရှာလို့ မရကြတော့ဘူးတဲ့၊ အဲဒီရပ်ကွက်မှာ ရှိတဲ့ သူတွေက တိုင်ပင်ဆွေးနွေးကြတယ်။ တို့အရပ်မှာ လူယုတ် မာ ရှိနေပြီနဲ့တူတယ်။ တစ်ပိုင်းစီခွဲပြီး ရှာမယ်ဆိုပြီး ရှာလိုက် တော့ သူပါတဲ့ဘက်က စီးပွားရှာမရဘူး။ ထပ်ခွဲကြည့်လိုက် တော့ သူသန္ဓေမှီတဲ့အိမ်ပဲကျန်တော့ ယောက်ျားက မိန်းမကို ကြည့်ပြီးတော့ မိန်းမယုတ်တဲ့ သင့်ဗိုက်ထဲက ကလေးက

အင်မတန်ယုတ်ညံ့တယ်။ သင်လည်း ယုတ်ညံ့တယ်ဆိုပြီး မပေါင်းတော့ဘူး။ ယောက်ျားက မေတ္တာမပေးနိုင်တော့ဘူး။ စဉ်းစားကြည့်ပါ။

မထေရ်ကြီးအပေါ် မှာ သူပြစ်မှားခဲ့တဲ့ 'ကံ'က မေတ္တာကင်းမဲ့အောင် ပြစ်မှားခဲ့တဲ့ 'ကံ'အကျိုးပေးနေပြီ။ သတ္တဝါတွေက ဒီဘဝအထိပါလာတော့ ဖခင်ဖြစ်သူက မေတ္တာမပေးနိုင်ဘူးတဲ့၊ မိခင်ကတော့ ရအောင်မွေးပြီးတော့ကာ ကလေးကိုတောင်းပြီးကျွေးရတယ်။ တောင်းကျွေးတဲ့အခါမှာလည်း ကလေးကိုပိုက်ပြီးတော့တောင်းရင် ဘယ်သူကမှ မလှူကြဘူးတဲ့၊ ဘယ်လောက်အထိ ပိတ်ဆိုတဲ့သတ္တဝါလည်းဆိုတာ စဉ်းစားကြည့်ပါ။ သူကျူးလွန်ခဲ့တဲ့'ကံ'က များများစားစား မဟုတ်ဘူးနော်၊ ကြံစည်တာရယ် 'ဝစီကံ'က 'ရဟန်းတဲ့ဗျာ၊ အုန်းမောင်းလည်းခေါက်၊ ကြေးစည်တွေလည်းတီး၊ တံမြက်စည်းတွေလည်း လှည်း၊ တံခါးလည်းခေါက်၊ မနိုးပါဘူး'လို့ ပြောတာပဲရှိတယ်။ 'ဝစီကံ'က အပြစ်ပြောမိတာတစ်ခုပဲ ကျန်တဲ့ စေတနာဆိုးတွေက 'မနောကံ'နဲ့'ကံ'မြောက်ခဲ့တာ။ အဲဒီသတ္တဝါကြောင့် မိခင်က သူ့ကိုချီပြီးတောင်းတာမရဘူး။ သူ့ကို တစ်နေရာမှာထားပြီး သွားတောင်းစားရတယ်။ ပြီးမှ နို့တိုက်ကျွေးမွေးလာခဲ့တာ သူလမ်းလျှောက်နိုင်တဲ့ အရွယ်

ကျတော့ မိခင်လုပ်တဲ့သူကလည်း ဆက်ပြီးတော့ မေတ္တာမပေးနိုင်တော့ဘူး။ မိခင်ဖြစ်သူရဲ့ စေတနာဟာ သူ့အပေါ်မကျရောက်နိုင်တော့လို့ ယောင်ချာချာလုပ်ပြီး ကလေးကိုပစ်ထားခဲ့တယ်။ သူ့အနေနဲ့ စွန့်ပစ်ခံခဲ့ရတော့ အိမ်ကြိုအိမ်ကြား၊ လမ်းကြို လမ်းကြား၊ အမှိုက်ပုံတွေမှာ စားကြွင်းစားကျန်ကလေးတွေ လျှောက်ပြီး ကောက်စားပြီး ကြီးပြင်းလာရတယ်။ အသက်(၇)နှစ်သားလောက် ရောက်ခဲ့တော့ ရှင်သာရိပုတ္တရာကြီးကတွေ့လို့ ရေမိုးချိုးပေး၊ ချေးတွန်းပေးပြီး သင်္ကန်းဝတ်ပေးပြီး စောင့်ရှောက်ကြတယ်။ ကိုရင်ဘဝရောက်တဲ့အချိန်ကစပြီး တစ်ဇွန်းတည်းသော ဆွမ်းကိုပဲ စားရတယ်။ အယူနဲ့စခဲ့တဲ့ စေတနာနဲ့ သူပြုခဲ့တဲ့ ကာလက တစ်ညနဲ့တစ်မနက်ပဲ ရှိခဲ့တာကို သင်ခန်းစာယူရမယ်။ စိတ်ကူးအားလုံး စေတနာလုံးကို ခွဲခြားလိုက်ရင်(၂)ပိုင်းပဲ ရှိမယ်။ အယူချမ်းသာနဲ့ အပေးချမ်းသာ(၂)ခုပဲ ရှိမယ်လို့မှတ်ပါ။ အယူနဲ့စတဲ့ ချမ်းသာဆိုရင် စေတနာဟာ မဖြောင့်လို့ ဘဝညံ့ကြလိမ့်မယ်။ အပေးနဲ့စတဲ့ စေတနာဆိုရင် ဘဝတိုးတက်လမ့်မယ်၊ ထွက်လမ်းကို ပေးနေတာ သေချာစဉ်းစားပြီးမှတ်သားကြပါ။ ကိုယ့်ဘဝကို ရှေ့ဆက်ပြီး ဘယ်လိုလျှောက်လှမ်းရမလဲဆိုတာ အဖြေပေါ်အောင် ကြိုးစားကြပါ။



စီးပွားတက်ခါအဦးအစ  အင်မတန်ပင်ပန်းကြ၊
ရာထူးတက်ခါနီးပြီဆိုရင်  စိတ်ဆင်းရဲကြ၊
လုပ်ငန်းကိုင်ငန်း  စလုပ်မယ်ဆိုရင်  စိတ်ဆင်းရဲတာ
ဘာကြောင့်လဲဆိုတာ။



## အစ, အလယ်, အဆုံး စေတနာ

စေတနာမှာ အစ, အလယ်, အဆုံး သုံးချက်ရှိတယ်လို့ မှတ်ပါ။ အစပိုင်းစေတနာလေးက ငါ့မွေးနေ့အတွက် ဘုရားကိုသွားပြီး ပန်းလှူမယ်လို့ စိတ်ကူးလိုက်မယ်၊ ဒါက အစမှာ အယူနဲ့စတဲ့ စေတနာလေးပေ့ါ။ ဘုရားကိုသွားရင်း လမ်းမှာ ဘုရားကို တကယ်ကြည်ညိုစိတ်ပေါ်လာပြီး စေတနာက ဖြောင့်သွားမယ်။ အဆုံးမှာလည်းဖြောင့်ပြီး ကြည်ညိုစိတ်နဲ့ လှူမယ်။ ဒီနေရာမှာ အလယ်နဲ့အဆုံးဖြောင့်ပြီး အစ,က ကောက်တာပေ့ါ။ သဘောပေါက်ကြပါ။ တော်တော်များများ က မွေးနေ့ဆိုပြီး ဘုန်းကြီးပင့်ပြီး ဆွမ်းကပ်ကြတယ်။ စပြီး ပေါ်တဲ့စေတနာက အယူနဲ့စတော့ ကောက်ကွေ့မယ်။ ပြီးမှ

ဘုန်းကြီးတွေမြင်ပြီး များများဘုန်းပေးပါစေလို့ စေတနာက တက်လာမယ်။ အဆုံးအထိ စေတနာကောင်းမယ်၊ အဘယ် လည်းကောင်းမယ်၊ **အစက** နည်းနည်းကောက်တဲ့အတွက် အကျိုးပေးတဲ့နေရာမှာ လုပ်ငန်းတွေ စီးပွားရေးတွေမှာလည်း အစမှာ အင်မတန်ပင်ပန်းကြတယ်။ စီးပွားတက်ခါနီးအစမှာ အင်မတန်ပင်ပန်းကြ၊ ရာထူးတက်ခါနီးပြီဆိုရင် စိတ်ဆင်းရဲ ကြ၊ လုပ်ငန်းကိုင်ငန်းစမယ်ဆိုရင် စိတ်ဆင်းရဲတာ ဘာကြောင့်လည်းဆိုတာ အဖြေပေါ်ပြီး သဘောပေါက်ကြ ပြီလား၊ အလယ်မှာကောက်ရင် အလယ်မှာခံရမှာပဲ၊ အဆုံး မှာကောက်ရင် အဆုံးမှာခံရမှာပဲ၊ အဲဒီအချက်က ဘယ်လိုမှ ငြင်းလို့မရတဲ့ အချက်ဆိုတာ မှတ်ကြပါ။ ဘုန်းကြီးတို့ ဟိုတုန်း က အလယ် စေတနာ ကောက်ခဲ့မိတဲ့ အကြောင်းအရာတစ်ခု ကို ပြောကြရအောင်. . .။



## ပဒုမာဒေဝီ ပုံဝတ္ထု
## (အလယ်စေတနာ ကောက်ကွေ့ ခြင်းအကျိုး)

သူ့အကြောင်းကတော့ အလယ်စေတနာလေး ကောက်ခဲ့မိတာကို တွေ့ရမယ်။ ပဒုမာဒေဝီအလောင်းအလျာရဲ့ ရှေ့ဘဝတစ်ခုမှာ သူမဟာ ပေါက်ပေါက်တွေ ဖောက်နေတဲ့အချိန်၊ ကြာပန်းတွေလည်း ခူးထားတာ ဘေးမှာရှိနေစဉ် ပစ္စေကဗုဒ္ဓါတစ်ပါး ကြွလာတာကို မြင်လိုက်တယ်။ အပေးနဲ့လှူမယ်ဆိုတဲ့ စေတနာအားနဲ့ "ရပ်တော်မူပါဦး ဘုရား" ဆိုပြီး သပိတ်ထဲကို ပေါက်ပေါက်တွေထည့် အပေါ်မှာ ကြာပန်းလေးတွေတင်ပြီး ကန်တော့ပြီး လှူလိုက်တယ်။ ဒါပေမဲ့လို့

မထေရ်ကြီးက တစ်လှမ်းနှစ်လှမ်းသွားရုံပဲ ရှိသေးတယ်။ သူ့စိတ်က ပြောင်းသွားတယ်။ အပေးကနေအယူကို ပြောင်းပုံက မထေရ်မြတ်ကြီး သုံးချင်မှသုံးမှာ စားချင်မှစားမှာပါ ငါပြန်ယူတာကောင်းမယ်လို့ ဆုံးဖြတ်လိုက်တယ်။ 'ရပ်ပါအုံး ဘုရား'ဆိုပြီး ပြန်တောင်းတယ်။ ပြန်ကွေ့တာနော်၊ ပြန်တောင်း ပြီးတော့မှ တစ်ခါပြန်စဉ်းစားတယ်။ မဟုတ်သေးပါဘူး၊ ငါလှူပြီးသားပါလို့ ပြန်တွေးပြီးတော့ ပြည့်အောင်ပြန်လှူပြီး ဆုတောင်းတယ်။ အောင်တော့ အောင်သွားပြီ၊ ဆုတောင်းတဲ့အခါမှာ "တပည့်တော်မ၏ ကောင်းမှုကံစေတနာကြောင့် အရှင်ဘုရားကဲ့သို့သော သားရတနာမျိုး ငါးရာမွေးရပါလို၏။ တပည့်တော်၏ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ကြာပွင့်တွေ ခံရပါလို၏။ ကိုယ်သင်းနံ့ကလည်း ကြာညို နံ့သင်းရပါလို၏။ ဘုန်းကံလည်း ကြီးမားရပါလို၏ ဘုရား"လို့ ဆုတောင်းလိုက်တယ်။ အဲဒီအတိုင်းပဲ နောက်ဘဝမှာ အကျိုးပေးတော့ကာ ပဒုမ္မာကြာဖူးထဲမှာ သန္ဓေတည်တယ်၊ အဲဒီကန်ဘေးမှာ တောမှီရသေ့ကြီးရဲ့ကျောင်းရှိတယ်။ တောထဲမှာ ရသေ့ကြီးက သူ့ကိုမွေးထားပြီး အရွယ်ရောက်တဲ့အခါကျတော့ သူ့ရဲ့ဆုတောင်းအတိုင်းပဲ ခြေထောက်ချတိုင်း ချတိုင်း ကြာပန်းလေးတွေပေါ်တယ်၊ အနံ့ကလည်း ကြာညိုနံ့

သင်းတယ်၊ အင်မတန်လည်းလှတယ်၊ နောက်ဆုံးတော့ တိုတိုပြောရရင် ရှင်ဘုရင်က သတင်းကြားပြီး မိဖုရားမြှောက်တယ်၊ မိဖုရားကြီးဖြစ်တော့ တော်တော်လေး လောကီစည်းစိမ်ကို မြှောက်စားခံရတော့ ကျန်တဲ့မိဖုရားငါးရာက သူ့ကို မနာလိုကြဘူးပေါ့။ ရှင်ဘုရင်က သူ့အနားက မခွာလို့ပေါ့။ ဒါပေမယ့် အလယ်စေတနာ အကျိုးပေးတော့မယ့် အချိန်ရောက်လာပြီ၊ သူက ကိုယ်ဝန်ဆောင်လို့ နေ့စေ့လစေ့မွေးခါနီးအချိန်ကျတော့ သူ့ကိုချစ်ခင်တဲ့ဘုရင်က အနားမှာ နေခွင့်မရတော့ဘူးတဲ့၊ "ကံ"များ အင်မတန်အားကြီးတာ၊ နယ်စပ်မှာ သူပုန်ထလို့ စစ်တိုက်ထွက်ရတယ်၊ အဲဒီအချိန်မှာ မီးဖွားတယ်။ လောကဓံက စပြီ၊ စေတနာပျက်တဲ့အကျိုးကစ,မယ်၊ မီးဖွားတော့ ကလေးတစ်ယောက်ဖွားပြီး သွေးတစ်စက်က သားတော်တစ်ပါးစီ(၄၉၉)စက်ကနေပြီး ကလေးတွေဖြစ်တယ်။ ငါးရာဖွားတယ်၊ ကံကဆန်းကြယ်တယ်။ သူက မိန်းမောနေတဲ့အချိန်မှာပဲ ကျန်တဲ့မိဖုရားငါးရာက သားတစ်ယောက်စီဝှက်ထားပြီး ဘေးနားမှာ သစ်တုံးကြီးတစ်တုံး ချထားလိုက်တယ်။ လူမွေးတာ မဟုတ်ဘူး၊ သစ်တုံးကြီး မွေးတာ။ "လူမ"မဟုတ်ဘူးလို့ စွပ်စွဲပြီး ရှင်ဘုရင်ကို လျှောက်ကြတယ်။ ရှင်ဘုရင်ကလည်း ယုံမှားပြီး နန်းတော်ကဆင်း

သွားဖို့ နှင်ချတယ်။


နန်းတော်က ဆင်းသွားတဲ့အချိန်မှာ သူ ခြေလှမ်းတဲ့ အခါမှာ ကြာပွင့်တွေကလည်း မပေါ်တော့ဘူးတဲ့၊ ကိုယ်သင်းနံ့လည်း ပျောက်သွားတယ်။ မြို့ပြင်က မုဆိုးမအိမ်မှာ နေရတယ်။ သူပြန်ယူတဲ့အချိန်က စက္ကန့်ပိုင်းလေးပဲနော်၊ ဒီမှာက လရှည်ခံစားရတာ။ ဘဝက ဆန်းကြယ်ပုံကိုကြည့်နော်၊ တစ်လဝန်းကျင်လောက်ကျတော့ ကလေးတွေကို ရေမျှောပြီး လက်စဖျောက်ချင်တော့ကာ မိဖုရားတွေက ဘုရင်ကို လျှောက်ကြတယ်။ ဘုရင်ကြီး စစ်တိုက်ထွက်စဉ်က ဂင်္ဂါမြစ်က နတ်ကို တိုင်တည်လို့ စစ်အောင်တာ၊ နတ်ကို ပူဇော်ဖို့ ဂင်္ဂါမြစ်ကို သွားပူဇော်ဖို့ လျှောက်ကြတယ်။ ရှင်ဘုရင်က ခွင့်ပြုလို့ ရေကစားသွားတဲ့အခါ ကလေးတွေကို ကြုတ်ထဲမှာထည့်ပြီး ဝှက်ပြီးယူလာခဲ့တယ်။ သိကြားမင်းကလည်း ဘုန်းကံရှိတဲ့ အလောင်းအလျာဖြစ်တဲ့ ကလေးတွေကိုကယ်ဖို့ ကြုတ်တွေထဲမှာ စာထည့်ထားတယ်။ ရှင်ဘုရင်တွေ ရေကစားရင် နတ်ပူဇော်ရင် မင်းမှုထမ်းတွေက အောက်ပိုင်းမှာ ပိုက်တန်းပေးထားရတာနော်၊ မိဖုရားတွေက ကြုတ်တွေကို မျှောလိုက်တော့ ပိုက်မှာသွားငြိပြီး ရှင်ဘုရင်က သိသွားတယ်။ သားငါးရာကိုပြန်ရတော့ ရှင်ဘုရင်ပျော်ပြီးတော့ မိဖုရားငါးရာကို

နန်းချပြီး ငါ့ရဲ့မိဖုရားကြီးကို ပြန်ရှာပေးကြဆိုပြီး ခိုင်းတယ်။ မင်းချင်းတွေက ဆင်ရဲ့ခန္ဓာမှာ အသပြာထောင်ထုပ်ဆွဲပြီးတော့ သတင်းပေးတဲ့ပုဂ္ဂိုလ်ကို ပေးမယ်ဆိုပြီး မောင်းခတ်ကြေညာတယ်။ အဲဒါကိုကြားတော့ မိဖုရားကြီးက သူတည်းနေတဲ့ အိမ်ရှင်မုဆိုးမကြီးကို "အမေ၊ သွားယူလိုက်"ဆိုပြီး ရှင်ဘုရင်ကို အကြောင်းကြားခိုင်းလိုက်တယ်။ သူနေတဲ့အိမ်နဲ့ နန်းတော်ကို ခြေလျင်လျှောက်ပြန်မယ်ဆိုတော့ ကျကျနန အခမ်းအနားနဲ့ သဲဖြူခင်း၊ ရာဇမတ်ကာလို့ပေးတယ်။ မိဖုရားအဆောင်အယောင်ပြန်ရပြီး ခြေချလိုက်တဲ့အခါမှာ ကြာပန်းပြန်ပေါ်ပြီး ကိုယ်သင်းနံ့ပြန်သင်း၊ အရောင်အဝါလည်း ပြန်တောက်လာတယ်။ အကျိုးအားလုံး ပြန်ခံစားရတယ်။ အားလုံးသဘောပေါက်ကြပါ။ စေတနာကောင်းရင် ကံကောင်းပြီး စေတနာကောက်ကွေ့ရင် ကံကောက်ကွေ့လို့ ဘဝလည်း ကောက်ကွေ့မယ်၊ သူက အလယ်မှာ တစ်ချက်ကောက်ကွေ့ခဲ့ပြီး အလယ်မှာပဲ ပြန်ကောင်းပြီး ပြန်လှူထားတာ ကောင်းလို့ဆိုတာ မြင်ရမယ်။ အလယ်စေတနာက ကောက်ရင် ကောက်သလို အကျိုးပေးတာပဲ။

ဘုန်းကြီးတို့အားလုံးက အလယ်စေတနာလေး ကျယ်ဝန်းတာကို မမြင်ကြဘူး။ အလယ်စေတနာကို ဘယ်လို

သတ်မှတ်မလဲဆိုရင် ဥပမာနဲ့ကြည့်ရအောင်နော်၊ မနက်ဖြန်မှာ ရဟန်းသံဃာတွေကို တစ်ပါးကို သင်္ကန်းတစ်စုံစီ ကပ်မယ်လို့ စိတ်ဆုံးဖြတ်ချက်ချလိုက်တယ်ပေါ့။ ဆုံးဖြတ်ချက်ချပြီးကြားကာလမှာ သန့်သန့်လေး စေတနာထားရမယ်။ အခုခေတ်မှာ တော်တော်များများက အစမှာ အယူနဲ့စ၊ အလယ်မှာလည်း မသန့်၊ အဆုံးမှာလည်း အားမရှိကြဘူး၊ ဘယ်လိုပြောရမလဲဆိုရင် အစမှာက ငါ့စီးပွားကောင်းအောင်၊ ငါကုသိုလ်ရအောင် လှူအုံးမှပဲဆိုပြီး ကွေ့ကောက်တဲ့စိတ်ကူးနဲ့စတယ်၊ စီမံကြတယ်၊ ဝယ်ကြ၊ ချမ်းကြတယ်၊ အလုပ်အကိုင်နေ့ဆိုပြီး တီဗွီတွေ ညလုံးပေါက်ဖွင့်ကြည့်ကြ၊ ပင်ပန်းလို့ဆိုပြီး အရက်တွေသောက်ကြ၊ လုပ်ကြကိုင်ကြနဲ့ အလယ်မှာ စေတနာပျက်စီးနေကြပြန်ရော၊ အဆုံးကျတော့လည်း ဘုန်းကြီးတွေကြွလာတော့ တရားလည်းမနာနိုင်၊ ရေစက်ချတော့လည်း အိပ်ငိုက်နေကြတော့ သုံးချက်လုံးကောင်းပါ့မလား၊ မကောင်းရင် အကျိုးပေးသန်ပါ့မလား၊ စဉ်းစားကြပါ။ အကျိုးပေးမသန်တော့ ပြောကြသေးတယ်၊ ဒီခေတ်က ဘုန်းကြီးတွေက သီလမရှိလို့ပါ ပြောကြတယ်။ ကိုယ်လုပ်တာလွဲနေတာ မမြင်ကြဘူးနော်၊ ဘုန်းကြီးကတော့ ထင်ပါတယ်။ သံဃာတွေက သိပ်ညံ့မယ်မထင်ပါဘူး ကိုယ်ထားတဲ့

စေတနာ အထားအသို လွဲနေတာပေါ့ပြီလား. . . ? အဲတော့ ကာ အလယ်စေတနာ အချိန်ကာလကို စေတနာသန့်သန့် ရှိရင် အကျိုးပေးသန့်လိမ့်မယ်။ အလယ်စေတနာအားလျော့ နေလို့ရှိရင် ဘယ်လိုပြောရမလဲ ဆိုလို့ရှိရင်၊ ဓားတစ်လက်ဟာ အဖျားကောင်းတယ်၊ အရိုးကောင်းတယ်၊ အလယ်က ခါးကျိုး နေတော့ ဓားနဲ့ထိုးရင် ပေါက်ပါ့မလား၊ ခါးကျိုးနေတော့ ဘယ်ပေါက်မလဲနော်၊ အကျိုးပေးအားလျော့မယ်။ အဲဒီလိုပဲ အဆုံးမှာလည်း အကျိုးပေးအားနည်းမယ်၊ လှူကြမယ်ကြံစည် ရင် အစ, အလယ်, အဆုံး သုံးရပ်စလုံးမှာ စေတနာသန့်သန့် ထားပြီး လှူကြပါ။ အလှူခံတဲ့ ပုဂ္ဂိုလ်ရဲ့ရင်ထဲမှာ ဒီဟာလေး စားလိုက်ရရင် သူ့ရင်ထဲမှာ ဘယ်လိုချမ်းသာမလဲ၊ ချက်ပြုတ် ဖို့ ဟင်းရွက်ဟင်းသီးလှီးရင်လည်းပဲ ဟင်းသီးဟင်းရွက်ကို ကြည့်ပြီး ဟင်းခွက်ဖြစ်အောင် စိတ်ကပုံဖော်ထားပြီး စားတဲ့ အမူအရာထိ ပုံဖော်ပြီး ရင်ထဲမှာ အေးချမ်းတဲ့ထိ ပုံဖော်ရမယ်၊ ထမင်းအိုးမှေ့လည်းပဲ ဆန်အဆင့်၊ ထမင်းပန်းကန်ထဲမှာ ဆွမ်း ရောက်တဲ့အဆင့်၊ ရဟန်း သံဃာတွေ ဘုဉ်းပေးတဲ့အဆင့်ထိ ပုံဖော်ပြီး အစ, အလယ်, အဆုံး သုံးချက်စလုံး အားထက် သန်၍ မကောက်ကွေ့ဘဲ ဒါနပြုတဲ့ နေရာမှာ စေတနာ ကောင်းနဲ့ ကောင်းမှုကံများ သတ္တိကိန်းတဲ့အထိ ဆောင်ရွက်



ခွေးကမစင်မှ ကြိုက်တယ်၊
အနီးနားကခွေးတွေ နယ်ကျော်လာရင်
လိုက်ကိုက်တယ်။ မနာလိုစိတ်များတယ်။
လောဘလည်း လွန်တယ်။



## ခန္ဓာဗေဒနှင့် ကံသတ္တိကိန်းပုံ


ယခုဆက်ပြီးတော့ မိမိရဲ့သန္တာန်မှာ ခန္ဓာဗေဒနှင့် ယှဉ်ပြီးတော့ကာ သတ္တိကိန်းပုံ အကျိုးပေးပုံတွေ၊ မိမိတို့ ဓာတ်ရိုက်၊ ဓာတ်ဆင်ပညာတွေနဲ့ ပတ်သက်တာတွေ၊ ဗေဒ ပညာနဲ့ ပတ်သက်တာတွေ အားလုံးကို မလွဲအောင် ချိန်ဆ နည်းတွေကို ဘုန်းကြီးသင်ပေးမယ်။

ကိုယ့်ရဲ့ခန္ဓာမှာ အရှိအားဖြင့် ဖွဲ့စည်းပုံမှာ ပင်မစိတ် မှီရာက နှလုံးသွေးမှာ မှီတယ်လို့ ဘုရားအမိန့်ရှိပါတယ်။ နှလုံး အိမ်ရဲ့ ပုံစံကတော့ အမျိုးမျိုးရှိတယ်။ အချို့ အဋ္ဌကထာ ဆရာတွေကတော့ ငှက်ပျောဖူးပုံစံ၊ အချို့က နှင်းသီးသဏ္ဍာန်

ရှိတယ်လို့ ဆိုကြတယ်။ ခပ်စောင်းစောင်းပုံရှိတယ်လို့ မှတ်ပါ။ သွေးဟာ နှလုံးအိမ်ကို ဖြတ်သန်းမယ်။ စိတ်ရဲ့ဖြစ်ပေါ်ပုံဟာ ဒိုင်နမိုက မီးထွက်သလိုပဲလို့ မှတ်ပါ။ ဒိုင်နမိုလှည့်နေတဲ့ အချိန်မှာ မီးထွက်သလို စိတ်က အသစ်တွေဖြစ်ပေါ် နေတယ်။ နှလုံးကို ဖြတ်သန်းခိုက်မှာ အနည်းငယ်သော သွေးမှာ စိတ်ဟာဖြစ်ပေါ်တယ်။ မဟာစည်ဆရာတော်ဘုရား ကြီး အမေရိကန်သွားတဲ့အခါကျတော့ စိတ်အကြောင်းကို မေးကြတယ်။ ဆရာတော်ကြီးက လျှပ်စစ်မီးနဲ့ ဥပမာပေးခဲ့ တယ်။ မီးတစ်လုံးကို တစ်စက္ကန့်မှာ ဘယ်နှစ်ကြိမ်လောက် လျှပ်စစ်ပေါ်ပြီး ပျောက်သလဲလို့ မေးတယ်။ အကြိမ်(၄၀)လို့ ဖြေခဲ့တယ်။ ဒီခေတ်မှာတော့ (၅၂)ကြိမ်လို့ သိကြတယ်။ အဲဒီ ဥပမာလို့မှတ်ပါ။ စိတ်မှာလည်း အသစ်အသစ် အစားထိုးနေ တာဖြစ်လိုက်၊ ချုပ်သွားလိုက် ထပ်ပေါ်လိုက်၊ ချုပ်လိုက် အဲဒီ ဖြစ်ပေါ်တဲ့ ကြိမ်နှုန်းကို ဘုရားရှင်တွေက ပေါ်နေတာ၊ တရား နာခါစက စိတ်တွေ မရှိတော့ဘဲ အသစ်အသစ် အစားထိုး တယ်၊ မှီရာကတော့ နှလုံးသွေးမှာ မှီတာလို့ မှတ်ခဲ့ပါ။ နှလုံး သွေးမှာ စိတ်ကို အမှီခံဖြစ်တဲ့ စိတ်ကိုဆောင်တဲ့ ဟဒယရုပ် ဆိုတာရှိပြီး အဲဒီမှာ မှီတယ်လို့မှတ်ပါ။ တစ်နည်းအားဖြင့် စိတ်မှီနေတဲ့ ရုပ်နဲ့ စိတ်ဟာ အညမညလို့ မှတ်ရမယ်၊ သွေးညှို့

ရင် စိတ်ညံ့မယ်၊ သွေးအားကောင်းရင်၊ သတ္တိကောင်းရင် စိတ်ကောင်းမယ်လို့မှတ်ပါ။ ဥပမာအားဖြင့် လူရဲ့စိတ်ဟာ သွေးမှာမှီတယ်၊ ခွေးရဲ့စိတ်ဟာလည်းပဲ သွေးမှာမှီတယ်၊ ခွေးကျတော့ လူလို ဘာလို့ အတွေးအခေါ် မကောင်းသလဲ၊ တွေးစရာဖြစ်မသွားဘူးလား၊ ခွေးက မစင်မှကြိုက်တယ်၊ အနီးနားက ခွေးတွေ နယ်ကျော်လာရင် လိုက်ကိုက်တယ်။ မနာလိုစိတ်များတယ်၊ လောဘလည်းလွန်တယ်။ ဒေါသလည်း လွန်တယ်ပေါ့။ လူကတော့ သူတို့ထက် အများကြီးသာသွားပြီ။ သွေးချင်းအတူတူ ဘာကွာသလဲဆိုလို့ရှိရင် သတ္တိကွာတယ်လို့ဆိုတာ သဘောပေါက်ကြပါ။ အဲဒီသတ္တိက ဘယ်ကလာသလဲဆိုရင် စိတ်ကပဲ၊ အပြုန်အလှန် အညမည သဘောနဲ့လာတာလို့မှတ်ရမယ်၊ ဒီနေရာမှာ အခြေခံလေးဖြစ်တဲ့၊ မသိလို့ မဖြစ်တဲ့ အရာကတော့ စိတ်ဖြစ်ပေါ်ရင် စေတသိက်(၅၂)ပါးက တစ်ပြိုင်တည်းပါလာတယ်။ စေတသိက်(၅၂)ပါးမှာ သဘောတူရာကို ပေါင်းပြီးတော့ ဘုရားရှင်က သုံးစုခွဲလိုက်တယ်။ ဝေဒနာမှာ တစ်၊ သညာမှာ တစ်၊ သင်္ခါရမှာ ငါးဆယ် လို့ ခန္ဓာဖွဲ့ကဟောတော်မူခဲ့ပါတယ်။ သင်္ခါရဆိုတဲ့ စေ့ဆော်မှုတွေထဲမှာ ဘာပါမလဲဆိုရင် "မောဟ"ဦးဆောင်တဲ့ စေတသိက်တွေက တစ်အုပ်စု၊ "ပညာ"ဦးဆောင်တဲ့


စေတသိက်တွေက တစ်အုပ်စုလို့ ခွဲထားတယ်။ ရှေ့မှာ ဖြစ်မယ့် အဆိုး၊ အကောင်းတွေကို တွေးဆမြင်နိုင်စွမ်းရှိတဲ့ ခေတ်ကို "ပညာ"လို့ခေါ်မယ်၊ ရှေ့မှာကောင်းကျိုး၊ ဆိုးကျိုးမမြင်တာက "မောဟ"လို့ခေါ်မယ်၊ အာရုံတစ်ခုကို ဆုံးဖြတ်ချက်ချတော့မယ်ဆိုရင် ဥပါဒါန်အဆင့်မှာ ဆုံးဖြတ်ချက်ချမယ်၊ တဏှာ အဆင့်ပြီး ဥပါဒါန်ရောက်လာတော့ ဆုံးဖြတ်ချက်ချတဲ့ နေရာကလေးမှာ ပညာခေတ် များရင် ကောင်းကျိုး၊ ဆိုးကျိုး ချိန်နိုင်မယ်။ မောဟများရင် အယူသက်သက်ဖြစ်လိမ့်မယ်။ နှစ်စု ခွဲထားတယ်၊ ပညာနဲ့မောဟ ဘယ်ကလာသလဲဆိုလို့ရှိရင် သွေးထဲကပါလာတာ သွေးထဲမှာပါတဲ့ ပညာနဲ့မောဟက ဒီအတိုင်းပဲ ရှိနေတော့ မှာလား အရှင်ဘုရား၊ အတိုးအလျော့ မရှိဘူးလားလို့ မေးရလိမ့်မယ်၊ ရှိပါတယ်လို့ မှတ်ကြပါ။



## မောဟသတ္တိနှင့်ပညာသတ္တိ ဖြစ်ပေါ်ရခြင်း အကြောင်းရင်း

မောဟတွေများတဲ့ ပုဂ္ဂိုလ်တွေအတွက် ပညာတွေများလာအောင် ဘယ်ကနေလာရမလဲဆိုလို့ရှိရင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် ဆိုတဲ့ ငါးဒွါရက လာရမယ်။ မျက်လုံးကနေလာတဲ့ အာရုံက နှလုံးသွေးကိုပါ လာထိမယ်၊ ဆက်သွယ်ထားတယ်၊ နား, နှာခေါင်း, လျှာ, ကိုယ်တို့ကလည်း ဆက်သွယ်ထားတယ်။ အထူးသဖြင့် မျက်စိနဲ့နားက အဓိကကျတယ်၊ ပညာရှင်များ၊ ဘုရားအစရှိတဲ့ သူတော်ကောင်းများရဲ့ ဆိုဆုံးမတာတွေ မြင်ရ၊ ကြားရ၊ နာယူရမယ်၊ ပြီးရင်

နှလုံးသွင်းရမယ်၊ ကြံစည်တွေးတောရမယ်၊ အဲဒီအခိုက်မှာ ပညာတွေတိုးလာမယ်၊ တိပ်ခွေမှာ အသံသွင်းထားသလို ပညာသတ္တိတွေ ဝင်လာလိမ့်မယ်၊ တကယ်လို့ အပေါင်းမှားမယ်၊ မောဟများတဲ့ လူမိုက်နဲ့ပေါင်းရင် မျက်စိနဲ့နားက ဝင်လာတဲ့ဟာက မောဟထူလာမယ်၊ သတ္တိပိုညံ့မယ်၊ သဘောပေါက်ကြပါ။



## စေတနာ အဆိုးအကောင်း ဖြစ်ပေါ်ခြင်း

ကိုယ့်စိတ်ကိုယ် မနိုင်ဘူးဆိုတာက သွေးထဲမှာ သတ္တိတွေကိန်းနေပြီး ပြန်ပေါ်တာကြောင့်ဖြစ်တယ်။ မကောင်းတဲ့သတ္တိသွေးတွေကို အကြိမ်ကြိမ်သွင်းထားမိတော့ ပြဿနာပေါ်လို့ တကယ်ရင်ဆိုင်တဲ့အခါမှာ လုပ်တဲ့နေရာမှာ ဆုံးဖြတ်ချက်ချပြီဆိုရင် အဆိုးဘက်ကိုပါသွားရော။ အကောင်းဘက်ကို မလိုက်နိုင်တော့ဘူး။ အဲဒီတော့ ဒီနေရာမှာ ကိုယ်တိုင်ပြင်မှရမယ်ဆိုတာ မှတ်ကြပါ။ တချို့အရက်သမားတွေက 'ဘုန်းဘုန်းဘုရား အရက်ကို အလှူခံပါဘုရား' လို့ ဘုန်းကြီးကို

အပ်ကြတယ်။ ဘုန်းကြီးက ပြောလိုက်တယ်။ သူ့မှာ အရက်ကြိုက်တဲ့သတ္တိမကုန်ရင် ဘုန်းကြီးက အလှူခံလည်း အရက်မပြတ်နိုင်ဘူးလို့ ပြောလိုက်တယ်။ ကြိုက်တဲ့သတ္တိ ကုန်သွားအောင် သူကိုယ်တိုင် ပြင်ရမှာ၊ အရက်အပြစ် မကောင်းကြောင်းကို အကြိမ်များစွာတွေးပြီးတော့ ဆိုးကျိုးတွေမြင်ပြီး ဆုံးဖြတ်ချက်ချပါများလားလို့ သတ္တိတွေပြောင်းသွားရင် သူ့ဘာသာသူ မသောက်တော့ဘဲနေမှ ပြတ်နိုင်မှာ အဲဒီလို မဟုတ်ဘဲ အရက်သမားချင်း ပြန်ပေါင်းလို့ အကြိုက်တွေက များလာရင် ဘုန်းကြီးပြောလည်း မရဘူး။ ကိုယ်တိုင်ပြင်မှ ရမယ်ဆိုတာ နားလည်ကြပါ။

နှလုံးသွေးမှာ သတ္တိကိန်းတယ်ဆိုတာ နားလည်ကြပြီလား။ အထူးသဖြင့် တစ်ပါးသူရဲ့ အပြစ်ပြောတာကို ဘုန်းကြီးက အမြဲတမ်းတားတယ်။ ဘုရားကလည်း တားခဲ့တာပဲ၊ တစ်ပါးသူရဲ့အပြစ်တွေကို ရှေ့မှာလည်း မပြောကြနဲ့၊ ကွယ်ရာမှာလည်း မပြောကြနဲ့၊ ရှုတ်ချပြောဆိုတဲ့ စကားကို ရှောင်ကြဉ်ပြီးတော့ ပြောဆိုရာမှာလည်း ဖြည်းဖြည်းသာသာ စဉ်းစားပြီးပြောရမယ်တဲ့၊ ဒီလိုကျင့်ကြံတာဟာ ကိလေသာခေါင်းပါးပြီး လျော့နည်းစေတဲ့အကျင့်ပဲ၊ အမြဲတမ်း သူများရဲ့အပြစ်ကို ကြည့်လေ့ရှိတဲ့ပုဂ္ဂိုလ်၊ ပြောလေ့ရှိတဲ့ပုဂ္ဂိုလ်

မှာ အာသဝတရားတွေ တိုးပွားလို့နိဗ္ဗာန်နဲ့ ဝေးသထက်ဝေး လိမ့်မယ်လို့ ဘုရားက ဆိုပါတယ်။ အဲဒီတော့ လောကီမှာ တင် ပိတ်တာမဟုတ်ဘဲ လောကုတ္တရာမှာပါ ပိတ်ပင်မှုရှိ တယ်လို့ မှတ်ပါ။ တော်တော်များများဟာ သူများရဲ့ အပြစ် ပြောတာကို ဝါသနာပါကြတယ်။ ဘုန်းကြီးတို့ကလည်း ရှေ့ပိုင်း မှာတုန်းက ရာခိုင်နှုန်းအတော်များများ ပြောဖြစ်တယ်။ ဘုရား ဟောတဲ့ စာပေတွေကို ဖတ်ပြီးတော့မှ ဟုတ်လိုက်တာဆိုပြီး၊ ရှောင်ခဲ့ရတယ်။ ဒါပေမယ့် အမှတ်တမဲ့ ပြောမိတာလေးတွေ ရှိနေသေးတယ်။ စေတနာအပိုင်းကို ဖတ်ပြီးတော့မှ ပိုပြီးကြောက်လာတာ၊ ဘုန်းကြီးက ဒါကိုသိစေချင်လို့ပြော နေတာဖြစ်တဲ့အတွက် စဉ်းစားပြီး လိုက်နာစေချင်တယ်။

တစ်ပါးသူအကြောင်းပြောရာမှ သူရယ်၊ ငါရယ် ပုံဖော်ပြီး ကိုယ်ရဲ့အယူလမ်းကြောင်းနဲ့ မတည့်တော့မှ အဲဒီ ပုဂ္ဂိုလ်မကောင်းကြောင်း ပြောလို့ရမှာ၊ တည့်ရင်တော့ အကောင်းပဲပြောမှာပေါ့။ အဲဒီတော့ အယူသမားများသည် တစ်ဖက်သားကို အပြစ်ပြောဖို့ ဝန်မလေးဘူးမှတ်ပါ။ ကိုယ်ဖြစ် စေချင်တဲ့ပုံစံတွေ ကိုယ့်ဝါဒတွေနဲ့မကိုက်ရင် အဲဒီပုဂ္ဂိုလ်ကို မကောင်းပြောမှာပဲ၊ အဲဒီတော့ စေတနာဖြောင့်ပါ့မလား။ ဘုန်းကြီးတို့ကျောင်းက ဘုန်းကြီးအိုကြီးတစ်ပါးအကြောင်း

မှတ်ဖူးတယ်။ သူက ကားနဲ့မြို့ထဲကပြန်လာချိန် ကားပေါ်က ဆင်းလာတော့ ညည်းတယ်။ အဲဒီကားသမားကွာ စေတနာ တော်တော် မကောင်းလိုက်တာတဲ့၊ ဘာဖြစ်လို့တုံး ဘုန်းဘုန်း လို့ မေးတော့ ကျောင်းရှေ့ရပ်ပေးပါပြောတာ ကျော်ပြီးမှ ရပ်ပေးတယ်။ ကားခလည်းတောင်းသေးတယ်။ တော်တော် မကောင်းတဲ့ ကားသမားလို့ပြောတယ်။ အဲနောက်နေ့ကျ ပြန်တော့ ပြုံးပြီးပြန်လာတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ ကားသမား တော်လိုက်တာကွာလို့ ပြောတယ်။ ဘာဖြစ်လို့ လဲလို့မေးတော့ ကျောင်းရှေ့မှာလည်း ရပ်ပေးတယ်။ ပြီးတော့ ကားခလည်း မတောင်းလိုက်ဘူးလို့ ပြောတယ်။ အယူသမား များဟာ ဖောက်ပြန်တယ်။ ကိုယ့်အတွက် အချိုးတည့်ရင် အကောင်းပြောပြီး၊ မတည့်ရင် မကောင်းပြောတယ်။ အဲဒီ ကတည်းက အဲဒီပုဂ္ဂိုလ်မှာ စေတနာအကောင်းရှိပါ့မလား၊ မရှိဘူးဆိုတာ တွေးလို့ရပြီနော်၊ အဲဒီတော့ ကိုယ်မှားတာကို ပြင်ကြပါ။ အပေးသမားဖြစ်ရမယ်လို့ မှတ်ကြပါ။



## ဗုဒ္ဓမြတ်စွာဘုရား၏ ပါရမီ(၁၀)ပါး ဖြည့်ကျင့်ပုံ

သာမန် လူသားဘဝကနေ အမြင့်ဆုံးပညာရှိ အမြင့်ဆုံး ဘဝ၊ သုံးဆယ့်နှစ်ပါးသောလက္ခဏာတော်နှင့် ပြည့်စုံသော ဘုရားအဖြစ် ရောက်လာအောင် ဘယ်ကနေ ကျင့်ခဲ့တယ်ဆိုတာ အထူးသိသင့်ကြပါတယ်။

အရှင်အာနန္ဒာမထေရ်က "အရှင်ဘုရား၊ ဘုရားရှင်တို့သည် ဘုရားဖြစ်အောင် ဘယ်ကစ၍ ကျင့်ပါသလဲဘုရား လို့ မေးလျှောက်ဖူးပါတယ်။

ဘုရားရှင်က "ယေစဗုဒ္ဓါ အတီတာစ၊ သမုဒ္ဒါဝါလုကူပမာ၊ ဒါနံဝ အာဒိံ ကတွာ၊ သမ္ဗောဓိံစ လဘန္တိတေ"လို့

မိန့်တော်မူတယ်။

မိမိပိုင်ဆိုင်ထားတဲ့ ချမ်းသာကို တစ်ဖက်သားအား မေတ္တာအပြည့်ဖြင့် စိတ်ချမ်းသာသွားအောင် ပေးစွန့်ခြင်း "ဒါနတရားကို အစထားပြီး ကျင့်ကြံခဲ့ကြ၍ ရှေးရှေးသမ္ဗုဒ္ဓရာသဲစုမက ပွင့်တော်မူခဲ့သော ဘုရားရှင်တို့သည် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်"။

ဒါနတစ်ခုပြုလျှင် ကျန်ပါရမီတွေကပါထိုက်သင့်သည့်အားလျော်စွာ အကျုံးဝင်ပါလာတယ်လို့လဲ ဆရာတော်များ မိန့်တော်မူခဲ့တာကို မှတ်သားခဲ့ရဘူးပါတယ်။

ဘုရားရှင် အလောင်းတော်ဘဝတစ်လျှောက်လုံးမှာ တစ်ဖက်သားကိုကြည့်ရာမှာ မေတ္တာနဲ့ယှဉ်ပြီး တစ်ဖက်သားရင်ထဲ အေးအောင်၊ ကုသိုလ်တိုးအောင်၊ ပညာတိုးအောင် ဘာလုပ်ပေးရမလဲလို့ ကြောင့်ကြစိုက်ပြီးကြည့်ခဲ့တာ၊ အဲဒီသတ္တိတွေများစွာ စုဆောင်းထားတော့ ပဋိသန္ဓေနေတဲ့အခါမှာ ပြန်ပုံဖော်တဲ့အခါ အဲဒီ 'ကံ'သတ္တိတွေက မျက်လုံးကိုလှအောင် ဖန်ဆင်းပေးတယ်၊ တကယ်လို့ သူတစ်ပါးကို မနာလိုတဲ့ မျက်လုံးနဲ့ကြည့်တာများခဲ့ရင်တော့ မျက်လုံးကို လှအောင်ဆိုတဲ့ အထောက်အပံ့မပေးဘူး၊ 'ကံ'သတ္တိက မျက်လုံးအလှ


ကို ဖျက်ဆီးပြစ်မယ်၊ စွေမယ်၊ စောင်းမယ်၊ ပုံစံမကျအောင် လုပ်မှာပဲ သူ့သတ္တိအတိုင်းပဲ ပြန်အကျိုးပေးလိမ့်မယ်။ ဘုရားရှင် ကျတော့ မျက်လုံးအင်မတန်လှတာကို တွေ့ရတော့ သဘောပေါက်ကြပါ။

တစ်ပါးသူရဲ့အပြစ်တွေကပြောမယ်။ ပျက်စီးအောင် ပြောလာခဲ့တာတွေများလာခဲ့ရင်လဲ သတ္တိတွေက ပါးစပ်ကို လှဖို့အခွင့်အရေး မပေးတော့ဘူး။ သွားတွေကျဲမယ်၊ ထပ်မယ်၊ ခေါမယ်၊ ပါးစပ်ကြီးတွေ မလှမပဖြစ်လာမယ်။ 'ကံ'သတ္တိညံ့လာရင် ညံ့တဲ့ပုံစံကို ဖော်ပေးမှာလို့မှတ်ပါ။ဒီနေရာမှာတော့ ဘယ်သူ့ကိုမှ မျက်နှာမလိုက်ဘဲ အကျိုးပေးမယ် ဆိုတာ နားလည်ကြပါ။ ဒါကြောင့် တစ်ယောက်နဲ့ တစ်ယောက် ရုပ်၊ လက္ခဏာတွေ မတူကြတာလို့ မှတ်ကြပါ။

ဘုရားရှင်ရဲ့ အသွေး၊ အသားတော်ဟာ အင်မတန် ကြည်လင်ပြီး နူးညံ့တယ်၊ အရောင်ကလဲ ရွှေရောင်ဝင်းပြီး တော့ အင်မတန်ကြည်ညိုဖွယ်ရာဖြစ်တယ်တဲ့၊ အလောင်း တော်ဘဝမှာ မေတ္တာနဲ့ခန္တီအခြေခံပြီးတော့ကာ အားလုံးကို သည်းခံပြီးတော့ကာ တစ်ဖက်သားလှပအောင် ချမ်းသာ အောင် စိတ်တွေမွေးပြီး အဝတ်အထည်များစွာ လှူခဲ့တယ်။

အစားတွေလည်း လျှုခဲ့တယ်။ နောက်ဆုံးအသက်ကိုပါ စွန့်ပြီး လျှုခဲ့တဲ့ အကျိုး၊ စေတနာ'ကံ'သတ္တိတွေက ပြင်းထန်လွန်းခဲ့တဲ့အတွက် အဲဒီစေတနာကနေပြီး အသားတွေလှပနူးညံ့အောင်၊ ရွှေရောင်ဝင်းအောင် ထောက်ပံ့ပေးလိုက်တယ်လို့ ဘုရားရှင်က ဝန်ခံထားတယ်၊ အမိန့်ရှိခဲ့တယ်။

အဲဒီလို အကျိုးပေးရာမှာ ပုံစံတွေဖော်ပေးတဲ့အပြင် လောကီချမ်းသာ အကျိုးပေးမှာလည်း ဒီအတိုင်းပဲ ပေးတယ်။ ဘုရားရှင်ဟာ စားစရာ၊ ဝတ်စရာ၊ နေစရာ အလောင်းတော်ဘဝမှာ ပူစရာမရှိသလိုပဲ ဘုရားဖြစ်တော့လည်း အပူမရှိ၊ လာဘ်လာဘ ပေါများတယ်။ အဲဒီတော့ အထွတ်အထိပ်ရောက်အောင် အောင်မြင်ချင်ရင် ဘယ်လိုလျှောက်ခဲ့သလဲလို့ မေးရင်း အပေးနဲ့ လျှောက်ခဲ့တယ်လို့ မှတ်ရမယ်။



## ဗြဟ္မဏဝါဒနှင့် ဗေဒင်ပညာတို့ ထိုးဖောက် ဝင်လာခြင်း

ကိုယ်က ချမ်းသာချင်တာတစ်ခုအတွက် အယူနဲ့ စဉ်းစားပြီးတော့ကား ယတြာချေကြတယ်။ ဗြဟ္မဏဝါဒက ဗုဒ္ဓဘာသာကို ထိုးနှက်ခဲ့ကြတဲ့ အယူဝါဒတွေဖြစ်တယ်။ မျက်စိမလည်ကြဖို့ ဒါလေးကိုတော့ ပြောပေးမယ်။ အိန္ဒိယ ပြည်မှာ ဖြစ်ခဲ့ပုံက ဘုရားပွင့်တော်မမူခင်ကာလမှာ ပုဏ္ဏားတွေ က ဗေဒင်ပညာနဲ့ပတ်သက်လို့ စီးပွားရှာစားခဲ့ကြတယ်။ ဗေဒင်နက္ခတ်ဖတ်ပွဲတို့ မွေးနေ့ပွဲတို့မှာ ပုဏ္ဏားတွေက ဗေဒင် ဟောကြတယ်။ ရွတ်ဖတ်သရဇ္ဈာယ်ကြတယ်။ ရဟန်းသံဃာ

တွေလို ဆွမ်းစား/ကွမ်းစားသွားကြပြီး လာဘ်လာဘတွေ ပေါမျှားစွာရာကြတယ်။ အဲဒီလို စီးပွားရှာစားနေတဲ့အချိန်မှာ ဘုရားပွင့်တော်မူလာတော့ ကံနဲ့ ကံအကျိုးပေး သဘော တရားတွေကို ကောင်းစွာနားလည်လာတယ်။ ဗေဒင်မမေးကြ တော့ဘူး၊ မသုံးကြတော့ဘူး။ သူတို့ရဲ့ဝါဒနဲ့ ဘုရားရဲ့ဝါဒက ဆန့်ကျင်သွားတာပေါ့။ အတိုက်အခိုက်တွေဖြစ်ခဲ့ကြတယ်။ ဘုရားပွင့်တော်မူတဲ့ကာလမှာ လူတွေက အမြင်မှန်ရှိတော့ တိုက်ခိုက်လို့မရတော့ တိမ်မြုပ်သွားခဲ့တယ်။

ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက်မှာ သူတို့က အင်အားကြီးမားလာတယ်။ နောက်ပိုင်းမှာ ရဟန်းဘောင်ထဲ ထိအောင် ထိုးဖောက်လာကြတယ်။ နောက်တော့ မဟာ ယာနဆိုတဲ့အုပ်စုတစ်စု ပေါ်လာတယ်။ ရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီး ပထမအကြိမ် သင်္ဂါယနာတင်တော့ သူတို့ကလည်း သင်္ဂါယနာတင်ကြတယ်။ မဟာယာနအဖွဲ့ တွေက ဘာတွေလုပ်သလဲလို့ဆိုရင် အင်းတွေ၊ ဆေးတွေ လုပ်လာကြတယ်၊ ဘုရားရဲ့ဂုဏ်တော်တွေကို အင်းတွေချ၊ အကွက်တွေ ရိုက်ပြီးတော့ကာ 'ဗုဒ္ဓဿ လောကဓမ္မဟိ' ဆိုတဲ့ အင်းတွေချ၊ အဆောင်တွေ လုပ်လာကြတယ်။ လူတွေ စီးပွားတက်အောင် 'ကံအကျိုးပေး'ကို သင်မပေးဘဲ စီးပွား

တက်အောင်၊ အန္တရာယ်ကင်းအောင် အင်းတွေဆောင်ရမယ် လို့ သုံးလာကြတယ်။ ခေးပီး၊ တုတ်ပီးဆိုတာတွေ ထွင်လာ တယ်။ ဘယ်လောက်အထိ လုပ်သလဲဆိုရင် လူတွေအထင် ကြီးအောင် လူရိုးခေါင်းတွေကို သပိတ်လုပ်ပြီး ဆွမ်းခံတဲ့အထိ လုပ်လာကြတယ်။ သမိုင်းကြောင်းမှာ ဖြစ်ပေါ်ခဲ့တာတွေကို သေချာမှတ်ကြပါ။ အဲဒါတွေက ဗြဟ္မဏဝါဒက ဖောက်ထွင်း လာတာတွေလို့ မှတ်ကြပါ။

အိန္ဒိယမှာ နာလန္ဒတက္ကသိုလ်ဆိုတာ ရှိခဲ့တယ်။ ဘုန်းကြီးတို့ ဗုဒ္ဓဂယာသွားတော့ တွေ့ခဲ့ရတယ်။ အဲဒီ တက္ကသိုလ်ကြီးမှာ ဗုဒ္ဓဘာသာအမည်ခံပေမယ့် မဟာယာန အဖွဲ့၊ ဗြဟ္မဏဝါဒတွေရောထွေးပြီး ဗေဒင်ပညာ၊ နက္ခတ် ပညာတွေပါ သုံးလာကြတယ်။

အဲဒီနောက် တခြားအယူဝါဒပြင်းထန်ကဲ့ သူတွေက မြင်းတပ်နှစ်ထောင်လောက်နဲ့ တိုက်ခိုက်တာခံရတော့ ပြေးကြ ရတယ်။ အင်းတွေ၊ ဆေးတွေ၊ ဂါထာတွေ၊ လက်ဖွဲ့တွေလည်း အကာအကွယ် မပေးနိုင်တော့ ပြေးရင်းလွှားရင်း ပပ်ပျက် သွားတယ်။ ဘောဓိပင်တွေ အလှဲခံရ၊ ကျောင်းတော်ကြီးလည်း ဖျက်ဆီးခံခဲ့ရတယ်။


အရှင်မဟာကဿပကြီးနဲ့ အဖွဲ့ကတော့ ရဟန္တာကြီးတွေဖြစ်တဲ့အတွက် အနာဂတ်ကို ကြိုမြင်တော့ သာသနာနဲ့ ပတ်သက်တာတွေအားလုံး သီဟိုဠ်ကို ပို့ထားခဲ့ကြတယ်။ မဟာယာနတွေဟာ ပြေးရင်းလွှားရင်း စစ်တကောင်းဘက်ကနေ မြန်မာပြည်ဘက်ကို ဝင်လာကြတယ်။ ပုဂံခေတ်အစပိုင်းမှာနေ၁၊ အရည်ကြီးဆိုတာ သူတို့ပဲ၊ အရီး(အရိယာ)သူတို့ကိုယ်သူတို့ အရိယာပေါ့၊ မြတ်တဲ့ပုဂ္ဂိုလ် အရိယာလို့ အမည်ခံပြီးတော့ ကျမ်းတွေ ပြင်ကြတယ်။ ပန်းဦးလွှတ်တာကအစ အမျိုးမျိုးလုပ်ခဲ့ကြတာ။ အားလုံးကြားခဲ့ဖူးကြတယ်။ တဖြည်းဖြည်း ကျမ်းတွေပြင်လာပြီး အထင်ကြီးအောင် ဘုရားရဲ့ ဂါထာတွေ၊ ပါဠိတွေထဲမှာပါတဲ့ အက္ခရာအတိုကောက်တွေ ထုတ်ပြီးတော့ စ ခ ဗ ဝ အတိုကောက်တွေ ယူလိုက်တယ်။ အဖျားလေးတွေ ယူပြီးတော့ အင်းတွေချ၊ ပုံစံတွေထုတ်ကြ၊ လုပ်လာကြတယ်။ အဲဒီဟာတွေကို ကျမ်းစာအဖြစ် ရေးပြီးတော့ ဘယ်သူမှမသိအောင် သူတို့ဘာသာ ဘုရားပျက်တွေထဲမှာ သွားဝှက်ပြီးတော့ သိုက်စာချသလိုချ၊ သစ်ခေါင်းထဲသွားဝှက်ပြီးတော့ သိုက်စာချသလို ချပြီး ကျမ်းဟောင်း ပေါ်တယ်လို့ ဝါဒဖြန့်ပြီး နည်းပညာမျိုးစုံသုံးလို့ လွှမ်းမိုးလာကြတယ်လို့ မှတ်သားထားကြပါ။ အဲဒါတွေဟာ အခုအချိန်အထိ

အတော်များများ စိမ့်ဝင်နေတုန်းပဲ ရှိသေးတယ်။ ပုဂံခေတ်ရှင်အရဟံပေါ်လာပြီး နောက်ပိုင်းမှာ သူတို့ပျက်စီးသွားကြပြန်တယ်။ အငွေ့အသက်တော့ ကျန်သေးတယ်။

ပုဂံခေတ်မှာ စေတီ၊ ပုထိုး၊ ဘုရားတွေမှာ တော်တော်များများဟာ ဂြိုဟ်တိုင်မရှိခဲ့ဘူး။ အင်းဝခေတ်ရဲ့ ဒီဘက်မှာကျတော့ တောက်လျှော် စေတီ၊ ပုထိုး၊ ဘုရားတွေမှာ ဂြိုဟ်တိုင်တွေ ပေါ်လာပြန်ရော၊ ဂြိုဟ်မင်းတို့၊ ဂြိုဟ်တိုင်တို့ဆိုတာ ဘုရားဟောမှာ လုံးဝမရှိဘူး၊ ဗြဟ္မဏဝါဒက ဝင်လပြီး ဂြိုဟ်တိုင်ပြန်ပေါ်လာတာ၊ ဒီဘက်တစ်လျှောက်လုံးမှာလည်း ဂြိုဟ်ကြီးရှစ်ခွင်ဆိုတဲ့ ဂြိုဟ်တိုင်တွေက လွှမ်းမိုးလာတယ်။ အဲဒါတွေပေါ်လာတော့ လူတွေက မျက်စိလည်ပြီးတော့ကာ "ကံနှင့်ကံအကျိုးပေး"ပျောက်သွားပြီး ဂြိုဟ်စီးတယ်လို့ ထင်လာကြတယ်။ "ကံ"မကောင်းရင် ဘာဂြိုဟ်စီး
တယ်လို့ ထင်လာကြတယ်။ "ကံ"မကောင်းရင် ဘာဂြိုဟ်စီး
တာ၊ ရာဟုထဲဝင်လို့ဆိုတဲ့ အယူအဆတွေ ဖြစ်လာကြတယ်။ ဘုရားဟောခဲ့တာက ဘာပဲဖြစ်ဖြစ် ဒီ'ကံ'ကြောင့်ပဲလို့ ဟောခဲ့တာကို သဘောပေါက်ကြပါ။



လူတွေရဲ့စိတ်တွေ ကံသတ္တိတွေ ညှံ့လာလေလေ
သဘာဝတရားတွေကလည်း ညှံ့ပေးလာလေမှတ်ပါ။
အပြိုင်အဆိုင်များလာကြပြီဆိုတဲ့ အချိန်မှာ တချို့တချို့
သူတော်ကောင်းတွေဟာ လူတွေထဲမှာ မနေဘဲ
တောထဲမှာ တရားကျင့်နေကြတယ်တဲ့။



## ဗေဒင်ပညာ၏အစ


ဗေဒင်ပညာကလည်းပဲ ထိုက်သင့်သလောက် မှန်တာတွေရှိတယ်။ ဘုန်းကြီးတို့ ကလေးဘဝ ဘိုးအေများ လမ်းလျှောက်ထွက်ရင်း မပြတ်သင်လာလို့ ဗေဒင်ပညာကို မသင်ဘဲနဲ့ တတ်လာခဲ့တယ်။ အတော်အသင့် တတ်နေရင်း ဗေဒင်ပညာကို ကိုယ်ဘာသာ အကဲခတ်ကြည့်လိုက်တော့ အတိတ်"ကံ"မှန်းဆပြီးတော့ လက်တွေ့ဖြစ်နေခဲ့ရတာတွေကို မှတ်တမ်းထားလို့ သွားတွေ့ရတယ်၊ အယူအဆ မမှားအောင်၊ အလိမ်မခံရအောင် အားလုံးနားလည်အောင် မှတ်ထားကြပါ။ ဗေဒင်ပညာက ဘယ်ကစခဲ့သလဲဆိုရင် ကမ္ဘာဦးကာလ

ဖြုဟ္မာကြီးတွေက ဖြုဟ္မာသက်ကြွေပြီး လူအသွင်ပြောင်းလာကြတယ်။ ကမ္ဘာဦးမှာ သန္ဓေမှီစရာလူမရှိတော့ ဗြဟ္မာကနေ အရောင်အဝါပြောင်းပြီး ရောက်လာကြတယ်။ ကမ္ဘာဦးဆိုတော့ ကမ္ဘာမြေဆီတော်က အင်မတန်မွှေးပြီး အရသာရှိတယ်။ အဲဒါတွေ သွားစားမိပြီး ရသတဏှာဆိုတာ ဝင်လာတယ်။ တဖြည်းဖြည်း အရောင်အဝါတွေ မှိန်လာကြတယ်။ မြေဆီတွေ ပျောက်ကွယ်သွားတော့ နွယ်ပင်တွေကိုစားကြ၊ ကြမ်းတမ်းတာတွေ စားကြရင်း အမွှေးအမျှင်တွေ ပေါက်လာတယ်။ သတ္တိတွေပြောင်းလာတယ်။ ယောကျ်ား၊ မိန်းမအင်္ဂါတွေပေါ်လာပြီး အိမ်ထောင်သားမွေးပြုတာတွေ ပေါ်လာပြီး အိမ်ထောင်သားမွေးပြုတာတွေ ဖြစ်လာကြတယ်။ သူတို့ရဲ့ "ကံ"သတ္တိက ကောင်းနေသေးတဲ့အတွက် သလေးစပါးဆိုတာ ပေါ်ခွင့်ရပြီး အဆီဥလေးလိုပဲတဲ့ အဲဒါတွေကို စားချိန်ကျရင် သွားခြွေပြီး စားရုံပဲ၊ နောက်နေ့ ပြန်ကြည့်ရင် ပြန်ပေါက်နေတာတွေ့ရတယ်။ ဘုရားဟောခဲ့တဲ့ ကျမ်းထဲမှာ ဒီအတိုင်းဆိုထားတယ်။

တဖြည်းဖြည်းနဲ့ လူတွေဟာ တဏှာလောဘတွေများလာတယ်။ အပေးမဟုတ်ဘဲ အယူတွေများလာတာနော်၊ သလေးစပါးကို နှစ်ရက်စာ၊ သုံးရက်စာ သူ့သူ့ငါငါဝိုင်းပြီး

ယူကြတော့ ကြာလာတဲ့အချိန်မှာ စပါးဟာ အခွံဖုံးလာတယ်။ ဘုရားရှင်က အမိန့်ရှိခဲ့တယ်။ လောဘတွေများလာလေလေ၊ ခာတ်တွေဟာ တဖြည်းဖြည်း ညံ့လာလေလို့ မှတ်ကြပါ။ လူတွေရဲ့ စိတ်တွေ "ကံသတ္တိ"တွေ ညံ့လာလေလေ သဘာဝ တရားတွေကလည်း ညံ့ပေးလာလေမှတ်ပါ။ သဘောပေါက် ကြလား၊ အဲဒီလိုနဲ့ မေတ္တာဓာတ် ခေါင်းပါးလာကြပြီး သူ့ထက် ငါ အပြိုင်အဆိုင်များလာကြပြီဆိုတဲ့ အချိန်မှာ တချို့တချို့ သူတော်ကောင်းတွေဟာ လူတွေထဲမှာမနေဘဲ တောထဲမှာ တရားကျင့်နေကြတယ်တဲ့၊ ဗြဟ္မာတွေကလာတော့ အသိ ပညာတွေတောင်းကြလို့ ရသေ့အသွင်တရားအားထုတ်ပြီး နေကြတယ်လို့ ဆရာအဆက်ဆက် အမိန့်ရှိခဲ့တာ မှတ်သား ရဖူးပါတယ်။ နောက်တော့ လူအုပ်စုရှိတဲ့နေရာကို တစ်နှစ်မှ တစ်ခေါက်လောက်လာပြီး လိုအပ်တာတွေကို မေတ္တာနဲ့ သင်ကြားပေးတယ်။ နေမကောင်းရင် ဘယ်အသီး ဘယ် အရွက်စား၊ ဘယ်ဓာတ်ဖောက်ဖျက်ရင် ဘာလုပ်ပါဆိုပြီး ချမ်းသာအောင်၊ အေးချမ်းအောင် စောင့်ရှောက်ပြီး ပြန်ကြ တယ်။ အဲဒီလို တစ်နှစ်မှာ တစ်ခါပဲလာကြတော့ ရသေ့တွေ မလာတဲ့အချိန်မှာ ဒုက္ခမရောက်ဖို့ သူတို့ဆီကိုလိုက်ပြီး ပညာ သင်ကြတယ်။ အဲဒီပညာလိုက်သင်တဲ့ သူတွေကနေ ပုဏ္ဏား

မျိုးဆိုပြီး ဆင်းသက်ပေါ်ပေါက်လာတယ်။ ရသေ့တွေဆီက နေ ပညာသင်တဲ့အခါမှာ ရှေးအကျဆုံးစာကတော့ တရုတ်ကုလားစာတွေလိုပဲ အချောင်းလေးတွေ သတ်မှတ်ခဲ့ကြတယ်။ အဲဒီလို သင်ကြားခဲ့ပြီး လူတွေရဲ့ ရပ်ရွာကို ပြန်လာပြီး ဓာတ်တွေနဲ့ ဆေးဝါးကုသ၊ နေမကောင်းရင် လိုအပ်တဲ့ဓာတ်တွေ ပြင်ပေးကြနဲ့ ဒီပညာကစပြီး ပေါ်ပေါက်လာတယ်။



## ဂြိုဟ်ညှို့ရင် ဘာလုပ်ကြမလဲ

ပုဏ္ဏားတွေက တတ်မြောက်လာတဲ့ ပညာတွေကို အသုံးပြုပြီး မှတ်တမ်းပြုစုလို့ ထားလာကြတယ်။ လူတစ်ဦး ဖွားနာရင် ဘယ်ဂြိုဟ်၊ ဘယ်နက္ခတ်နဲ့ယှဉ်တယ်၊ မှတ်တမ်း ပြုကြတယ်။ သေရင်လည်း ဘာကြောင့်လို့ဆိုတာ မှတ်တမ်း ပြုရင်း ကျမ်းကြီးဖြစ်ပေါ်လာတယ်။ ဒါကြောင့် ဗေဒင်ပညာ ဟာ အကြောင်းတရားကို သင်တာမဟုတ်ဘူး။ အကျိုးတရား ကို မှတ်တမ်းပြုထားလို့ မှတ်ထားပါ။ ရသေ့ပညာရှင် တွေက သူတော်ကောင်းကြီးတွေ ဖြစ်တဲ့အတွက် ဂြိုဟ်ဆိုတာ ထက် ဓာတ်ကိုသင်ကြားပေးခဲ့တာဖြစ်တယ်။ စနေဂြိုဟ် ညှို့တယ်ဆိုတာက အမှန်တော့ ဂြိုဟ်ကဓာတ်ကို ပြောတာ

ဖြစ်တယ်။ တနင်္ဂနွေ၊ စနေခါတ်က မီးခဲခါတ်နှင့်မီးတောက် ခါတ်ကို ပြတာ၊ အနွေ့လို့ သတ်မှတ်ထားကြတာကို ပြော တာ၊ အုန်းနို့ခေါက်ဆွဲ၊ အုန်းထမင်းကပ်ကြတာ၊ အဲဒီခါတ် တွေပဲ အနွေ့အတွက်နေ၁၊ အင်္ဂါ၊ ရာဟုမှာ အင်္ဂါက လေနု၊ ရာဟု က လေကြမ်း၊ နေ၁က သောကြာ ဗုဒ္ဓဟူးမှာ သောကြာက ရေနောက်၊ ဗုဒ္ဓဟူးက ရေကြည်၊ တနင်္လာ၊ ကြာသပတေးမှာ တနင်္လာက ကျောက်မြေ၊ ကြာသပတေးက မြေပျော့ခါတ်တွေကို ပြတာလို့ မှတ်ကြပါ။ အမှန်ကတော့ ခါတ်လေးပါးကို ခွဲတာပါပဲ၊ ဘုရားရှင်က ခါတ်လေးပါးလို့ ဟောခဲ့တာဖြစ်တယ်။ တနင်္လာ၊ ကြာသပတေးက ပထဝီ ခါတ်ကိုပြတယ်။ သောကြာ၊ ဗုဒ္ဓဟူးက အာပေါခါတ်ကို ပြတယ်။ တနင်္ဂနွေ၊ စနေက တေဇောခါတ်၊ အင်္ဂါ၊ ရာဟုက ဝါယောခါတ်ဆိုပြီး ခါတ်လေးပါးကို လောကီဆရာများက ပြဆိုကြတယ်လို့ မှတ်သားကြပါ။ ခါတ်လေးပါး ဖောက်ပြန် တာကို သူတို့က ဂြိုဟ်လို့ပြောဆို သုံးနှုန်းလာခဲ့ကြတာလို့ မှတ်ကြပါ။ ခါတ်လေးပါး ဖောက်ပြန်တာကို ကြည့်ပြီးတော့ ဝါယောခါတ်လွန်ကဲရင် မူးမယ်။ ဘာရှက်ကို စားရမယ်၊ ဘာ ခါတ်ကို မှီရမယ်လို့ သင်ခဲ့ကြတယ်။ အဲဒီလို သင်ကြားရင်း နဲ့ ခါတ်တွေဟာ တဖြည်းဖြည်းကျယ်ဝန်းလာကြတယ်။

မှတ်ရင်း မှတ်ရင်း ဗေဒင်ကျမ်းမှာ တိုင်လေးတွေစီပြီး ထောင်ရင်း စနေဂြိုဟ်ညံ့တယ်ဆိုရင် အပူဓာတ်လွန်ကဲမယ်၊ ဖောက်ပြန်တယ်။ နှလုံးစိတ်ဝမ်း ပူလောင်တယ်လို့ မှတ်သားခဲ့ကြတယ်။ အမှန်ကတော့ ခန္ဓာကိုယ်မှာ ဖြစ်တာနော်။ ဂြိုဟ်နဲ့ မှတ်သားလာရာက စနေဂြိုဟ်စီးတယ် ဖြစ်သွားတယ်။ နောက်တစ်ခါ ရာဟုဓာတ်လွန်ကဲတယ် ဆိုလို့ရှိရင် သူက လေပြင်းဆိုတော့ စိတ်ကသိပ်လှုပ်ရှားပြီး မငြိမ်သက်တော့ဘူး။ ဓာတ်လေးပါးက တွဲလျက်ရှိတာဆိုတော့ ဓာတ်တစ်မျိုးဖောက်ရင် အကုန်ဖောက်တာနော်၊ စိတ်လှုပ်ရှားပြီး မတည်ငြိမ်ရင် စိတ်ပူစရာတွေ ဖြစ်လာတယ်။ အဲဒါကို ရာဟုဂြိုဟ်စီးတယ် ပြောကြပြန်တယ်။

ဗေဒင်ကျမ်းကို အခြေခံလိုက်ကြည့်တဲ့အခါ အဖြေထွက်လာတယ်။ ဗေဒင်က ဂြိုဟ်စီးတယ်၊ နက္ခတ်ပြောင်းတယ်၊ ပြောင်းတယ်ပြောတော့ ဘာကြောင့်ပြောင်းတာလဲလို့ ဘုန်းကြီးလိုက်မေးတော့ အဖြေမပေါ်ဘူး။ လူ့ဘဝကို လေ့လာတော့ လက္ခဏာ ပြောင်းတာကတော့ ဟုတ်ပြီ၊ ဂြိုဟ်ခွင်ဘာလို့ ပြောင်းတာလဲဆိုတော့ နက္ခတ်ကြောင့် ပြောင်းတယ်လို့ပြောတယ်။ နက္ခတ်ဘာကြောင့် ပြောင်းတာလဲလို့ အကြောင်းရှာတဲ့အခါ ဗေဒင်ပညာမှာ အဲဒီမှာ အဆက်ပြတ်

ပြီး အဖြေမပေါ်တော့ဘူး။ တကယ်တော့ ခေတ်အပြောင်း အလဲက ဘယ်ကစတာလဲလို့မေးရင် "ကံ"ကစတာနော်၊ ဘုရားဟော ကျမ်းဂန်တွေမှာ ကြည့်လိုက်တော့မှ ပုဗ္ဗဏှသုတ်မှာ ပါပြီးသားဆိုတာ တွေ့ရတယ်။ "သုနက္ခတ္တံ သုမင်္ဂလံ" ဆိုတာ ပါပြီးသား၊ ကောင်းသော"ဝစီကံ"၊ "မနောကံ"ရှိသူမှ ကောင်းသောနက္ခတ်ဖြစ်တယ်လို့ ဘုရားရှင်က ဟောကြားခဲ့ပြီးသားဖြစ်ပါတယ်။ အဲဒီတော့ ဗေဒင်ဆရာက ဘယ်လောက်ပဲ ဂြိုဟ်ညံ့တယ်ပြောပြော မကြောက်ကြနဲ့တော့၊ နားလည်ကြရဲ့လား၊ ဘာမှကြောက်စရာမလိုဘူး။ ဒီနေ့ကစပြီး ကိုယ့်စိတ်ကို အပေးနဲ့ယှဉ်ပြီးတော့ ကောင်းသောစိတ်ကို ပြောင်းပါ။ စေတနာကောင်းအဖြစ် ပြောင်းလိုက်ပါ။ ကောင်းသော'ကံ'ဖြစ်ပြီ၊ ကောင်းသော'ကံ'ဖြစ်ပေါ်ရင်တဲ့'ကံ'ကောင်းသူဟာ ပုညလို့ခေါ်တဲ့ ကောင်းမှုကို ဖြစ်တယ်လို့ မှတ်ကြပါ။ ကောင်းမှုများရင် ဘုန်းတန်ခိုးရှိတယ်လို့ ခေါ်တယ်။ ဘုန်းတန်ခိုးလို့ခေါ်တဲ့ ကောင်းမှုများလို့ ဘုန်းတန်ခိုးရှိတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိရင် နက္ခတ်က သူ့ဟာသူ ပြောင်းပေးရတယ်လို့ နားလည်ကြပါ။ ဘုန်းတန်ခိုးကြီးတဲ့သူများ ပဋိသန္ဓေယူပြီ ဆိုလို့ရှိရင် နက္ခတ်က လိုက်တည့်ပေးရတယ်။ ခေတ်တွေက ပြောင်းပေးရတာ၊ ဒါကြောင့် 'ကံ'သာလျှင် အရင်းခံလို့ မှတ်လိုက်ကြပါ။

မျက်စိမလည်ကြဖို့ လိုပါတယ်။


ရာဟုဂြိုဟ်ဝင်နေလို့ ဒုက္ခရောက်တော့မယ်ဆိုပြီး သူများပြောလည်း မကြောက်နဲ့၊ မပူနဲ့တော့၊ နားလည်ကြပြီ နော်၊ ဘုန်းကြီးလေ့လာပြီး တွေ့တာက ကြောက်စရာမလို ဘူးလို့ အဖြေထွက်တယ်။ စေတနာကောင်းကို ဖြောင့်ဖြောင့် ထားလိုက်ရင် ကောင်းသောကံဖြစ်မယ်။ ပုညဆိုတဲ့ကောင်းမှု များများဖြစ်မယ်။ ကောင်းမှုများရင် ဘုန်းတန်ခိုးကြီးတယ် ခေါ်တာပဲ။ ဘုန်းတန်ခိုးကြီးရင် နက္ခတ်က ပြောင်းပေးရ တယ်။ အဲဒီအခါမှာ ဗေဒင်ဆရာဟောလို့ မမှန်တော့ဘူး၊ သဘောပေါက်ကြရဲ့လား၊ ဗေဒင်လောကကိုဝင်ပြီး လေ့လာ ကြည့်တော့ သူတော်ကောင်းများ၊ သီလရှိတဲ့ ပုဂ္ဂိုလ်များကို ဗေဒင်ဟောလို့ မမှန်ဘူးလို့ ပြောကြတယ်၊ သူတို့က ပိတ်ပြီး ဒီလိုပြောကြတာ။ စကားကို ပိတ်ထားပြီး မကောင်းတာ ဟောလို့ မမှန်ဘူးလို့ ပြောတယ်။ ဘာလို့မမှန်သလဲ ဆိုလို့ ရှိရင် စေတနာကောင်း ရှိတဲ့သူမှာ ကံကောင်းနေတော့ သူတို့ က မှန်အောင် ဘယ်ဟောလို့ရမလဲ၊ စဉ်းစားကြပါ။ ကိုယ့်ရဲ့ ဘဝမှာ ဂြိုဟ်စီးတယ်ဆိုရင် ကြောက်အုံးမှာလား။ ဘာဂြိုဟ် ပဲစီးစီး ကြောက်စရာမလိုဘူး၊ မကြောက်ကြနဲ့တော့။ အားလုံး သဘောပေါက်ကြပါ။

ဘုန်းကြီးတို့ ဗေဒင်ကို အရင်ကဝါသနာပါပြီး လေ့လာခဲ့တာများလို့ ကိုယ့်ဘဝအတွက် သက်တမ်းအလိုက် တွက်ချက်ကြည့်တာမှာ မနှစ်က တနင်္လာခတ် အရမ်းပျက် တာ၊ ဒီကျောက်မြေခတ် ပျက်တယ်ဆိုတော့ ကမ္ဘာကြီးမှာ ဖွဲ့စည်းပုံအောက်ခံက ကျောက်မြေ၊ ပြီးတော့မှ လေ(အင်္ဂါ၊ ရာဟု)၊ မီး(တနင်္ဂနွေ၊ စနေ)တို့ လာမယ်။ အဲဒီတော့ အမာခံ ကျောက်မြေပျက်တယ်ဆိုတော့ အခြေပျက်ရမယ်၊ ကုသိုလ် မရှိတဲ့ ပုဂ္ဂိုလ်ဆိုရင် နေထိုင်စရာပျက်မယ်။ အလုပ်ပြုတ်မယ်။ အိမ်မြေခြံဆုံးရှုံးမယ်။ ငွေကုန်အကြွေးတင်၊ အမှုလည်း ဖြစ်မှာ ပဲ၊ ဗေဒင်ပညာမှတ်တမ်းများအရ အဲဒီလို ကြိမ်းသေဖြစ်ရမယ် လို့ ပြောရင်မှန်ရမယ်။

ဒါပေမဲ့ ဘုန်းကြီးအနေနဲ့ ပြီးခဲ့တဲ့နှစ်က ကျောက်မြေ ခတ်က အစွမ်းကုန်ပျက်နေတာဆိုတော့ ဗေဒင်ပညာအရ ကျောင်းတွေလည်းကုန်၊ အခြေအနေအားလုံး ပျက်ရမှာကိုး၊ ဘာဖြစ်မလဲလို့ စောင့်ကြည့်ခဲ့တယ်။ လက်တွေ့မှာ ကျောင်း တွေက တိုးလာပြီး လူတွေက ပိုပြီးခင်လာကြတယ်။ တရား ဟောစရာ နေရာတွေကလည်း တိုးလာတယ်။ ပြောင်းပြန် တွေ ဖြစ်လာတော့ မဟုတ်တော့ဘူးလို့ထင်ပြီး စဉ်းစားကြည့် လိုကတယ်။ ဘုန်းကြီးမှာက အပေးများခဲ့တာကိုး၊ ဒကာတွေ ကို တရားသိစေချင်တဲ့ စေတနာများတယ်။ ညအိပ်လို့


တစ်ရေးနိုးလည်း တရားဟောဖို့ ထ,ထပြီး ရေးဖြစ်တာ၊ နေ့လယ်ဘက် အတွေးပေါ်လာလည်း ရေးလိုက်ပြန်၊ ကျမ်းစာကလည်း ရေးနေတော့ တစ်ဖက်သား နားလည်စေချင်တဲ့ စိတ်တွေကများပြီး စေတနာကောင်းလို့ 'ကံ'ကောင်းဖြစ်လာတာ။ ကျောင်းမှာလည်း တစ်ပါးထိုင်ကျောင်းတွေဆောက်လိုက်၊ သံဃာတွေနေခိုင်းပြီး လှူလိုက်၊ ရေကန်ထဲမှာရှိတဲ့ငါးတွေ ရေနည်းလို့သေမှာမြင်လို့ ကန်ကိုထပ်တူးပြီး ငါးတွေ မသေအောင် ရေတွေလှောင်ပေးနဲ့ အပေးများစွာလုပ်ခဲ့တော့ စေတနာဖြောင့်လို့ 'ကံ' က ဖြောင့်နေတယ်ဆိုတော့ တနင်္လာဂြိုဟ်စီးတာက ဘာမှမကောင်းတာ ဖြစ်မလာခဲ့ဘူး၊ အဲဒီတော့ ဂြိုဟ်ဆိုတာ မကြောက်ကြပါနဲ့၊ သဘောပေါက်ကြပြီလား. . .။

လူတိုင်းလူတိုင်းဟာ စေတနာဖြောင့်အောင် ပြင်ပေးလိုက်ရင် 'ကံ'ကောင်းသွားလိမ့်မယ်။ 'ကံ'ကောင်းရင် ကောင်းမှု များလာမယ်၊ သတ္တိတွေများလာမယ်။ သတ္တိတွေများလာရင် ဘာဂြိုဟ်မှ မစီးနိုင်တော့ဘူး။ တကယ်တော့ စီးတဲ့ဂြိုဟ်လည်း မရှိဘူး၊ အဲဒါက ဘာလဲဆိုလို့ရှိရင် သူတို့က ကြောက်အောင်ခြောက်လှန့်တာနော်၊ ကြောက်မှ ယတြာချေမယ်၊ ယတြာချေမှ သူတို့စားရမှာ၊ ရှင်းရှင်းလေးပဲနော်၊ အဲဒီတော့ မျက်စိမလည်ကြနဲ့ သဘောပေါက်ကြပါ။



ဒီအိမ်ကတော့ ဟင်းလောင်းမှာပဲ၊ ဒီအိမ်ကတော့ ဟင်းလောင်းနေကျ၊ ဝတ္တူပါကပ်တယ်လို့ ဒီလိုကြို မတွေးရဘူး။

စေတနာဖြောင့်မှ ကံဖြောင့်မယ်။
ဘဝအကျိုးပေးဖြောင့်လိမ့်မယ်။
အဲဒီလိုစေတနာဖြောင့်လာတဲ့ ပုဂ္ဂိုလ်ဆိုရင်
ဘယ်ဂြိုဟ်မှ ကြောက်စရာမလိုဘူးလို့ မှတ်ပါ။



## ရဟန်းတို့၏မှီရာလေးပါးနှင့် ဆရာရှာမမှားဖို့

ဘုန်းကြီးတို့ မှတ်စရာတစ်ခု တွေ့ခဲ့တယ်။ တောင်မြို့ အရှင်ဇနကာဘိဝံသဆရာတော်ကြီးရဲ့ ကျောင်းကို သွားလည်တော့ နိုင်ငံခြားသားတွေ မြင်တဲ့အမြင်တစ်ခုကို မှတ်ခဲ့ရတယ်။ ဘုန်းကြီးတွေကို ကြည့်ပြီးတော့ ခေါင်းလေးညိတ်ပြီး မေးခွန်း တစ်ခုမေးတယ်။ အဲဒီမေးခွန်းလေးက ဒီဘုန်းကြီးတွေကို စားစရာ၊ ဝတ်စရာ ဘယ်ကရသလဲ၊ နေစရာ ဘယ်သူ ဆောက်ပေးသလဲ၊ ဖျားနာရင် ဘယ်သူဆေးကုပေးသလဲလို့ မေးတယ်။ မေးခွန်းလေးက ဘယ်လောက်ကောင်းသလဲ။ အခြေခံလေးချက် ဘယ်ကရသလဲလို့ မေးလိုက်တာ၊ မှီရာလေးပါးက အဓိကပဲဆိုတာ ဘုရားဟောသွားပြီး

ကိုက်ညီနေတယ်။ အဲဒီ မိုရာလေးပါးကို ရှာတဲ့နေရာမှာ မစင်မကြယ် ရှာတဲ့သူကို ဖြောင့်တယ်လို့ မခေါ်ဘူး။ သီလ မလုံဘူးပေါ့နော်၊ ရဟန်းတွေကို အဲဒါ ဆုံးမထားခဲ့တယ်။

ဘုန်းကြီးတို့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးလေးပါး ပတ်သက်လို့ အင်မတန်ဖြောင့်စင်းအောင် ကျင့်ရတယ်။ အယူမစွဲရဘူး၊ အပေးနဲ့သွားရတယ်။ ဆွမ်းခံတယ်ဆိုတာ တချို့က အယူပဲ အောက်မေ့ကြတယ်၊ မဟုတ်ပါဘူး။ ဆွမ်းခံ သွားတဲ့အခါမှာ မေတ္တာပွားပြီးသွားရတာ။ ကိုယ့်ရဲ့ဒကာ၊ ဒကာမတွေ ဆွမ်းဒကာတွေ ချမ်းသာကြပါစေလို့ မေတ္တာ ပွားပြီးတော့ သွားရတာဖြစ်တယ်။ ဒီအိမ်ကတော့ ဘယ်ဟင်း လောင်းမှာပဲ၊ ဒီအိမ်ကတော့ ဟင်းလောင်းနေကျ၊ ဝတ္ထုပါ ကပ်တယ်လို့ ဒီလိုကြံမတွေးရဘူး။ ကြံတွေးရင် ကောက်ကွေ့ တယ်လို့ ဘုရားရှင်က ဆုံးမထားခဲ့တယ်။ အဲဒီလို မတွေးဘဲ မေတ္တာပွားပြီး အကြောင်းညီညွတ်ရင် ရရင်ရ,မရရင်နေလို့ ဆိုပြီး အပေးနဲ့သွားရတယ်။ ကိုယ်ပြုတဲ့ကံအတိုင်း ရရင်လည်း စား၊ မရရင်လည်း သပိတ်ရေကျင်းသောက်လို့ ဆုံးမထားတာ ရှာဖွေမှုမှာဖြောင့်အောင် ဘုရားက ပညတ်ထားတာ၊ သင်္ကန်း ကိုလည်း လှူမယ့်သူမရှိရင် သင်္ချိုင်းတွေမှာ၊ အမှိုက်ပုံတွေမှာ တွေ့တဲ့ အဝတ်စုတ်တွေကိုကောက်၊ လျှော်ဖွတ်၊ ချုပ်စပ်၊

ဆေးဆိုးပြီး ဝတ်ရမယ်လို့ ဘုရားက ဆုံးမထားတယ်။ နှုတ်မှ ထုတ်ပြီး ပေးပါလို့ အယူနဲ့ အလှူမခံရဘူး၊ ကိုယ်ရဲ့ရဟန်းမ ဖြစ်ပါစေတဲ့ နှုတ်မှမထွက်ရဲရင် အကောင်းဆုံးပဲလို့ ဘုရားက ဆုံးမထားတယ်။ ပရိယာယ်နဲ့ အလှူမခံရင်လည်း အကောင်း ဆုံးပဲ၊ စင်ကြယ်အောင် နေရမယ်လို့ စေတနာဖြောင့်အောင် သင်ပေးထားတာ၊ ကျောင်းအတွက်လည်း လှူမယ့်သူမရှိရင် သစ်ပင်ရိပ်တွေ၊ ဂူတွေဟာ ကိုယ့်ရဲ့ ပုံမှန်နေရာပဲလို့ပြတယ်။ ဆေးလှူမယ့်သူမရှိရင် အမိန့်ရှိပါဘုရားလို့ လျှောက်ခဲ့ရင်တော့ ပြောတော့ကောင်းတယ်၊ သို့သော်လည်း သူရဲ့သဒ္ဓါကို ကြည့်ပြီး ထိုက်သင့်သလောက်လေး ချိုးမြောက်တဲ့သဘောနဲ့ လှူတဲ့သူလည်းပဲ အကျိုးရှိပါစေလို့ အပေးသဘောနဲ့ အပေး လည်းပါပြီး တောင်းရတယ်။ သဘောပေါက်ကြရဲ့လား။ လှူမယ့်သူမရှိရင်တော့ နွားကျင်ငယ်ရေမှာ စိမ်ထားတဲ့ ဆီးဖြူ သျှိသျှားကို မှီဝဲပြီး ရဟန်းတရားအားထုတ်ရမယ်လို့ ဆုံးမခဲ့ တာ၊ မှီရာလေးပါးကို အပေးသဘောနဲ့ ဖြောင့်စင်းအောင် ကျင့်ရမယ်လို့ ဆုံးမခဲ့တာလို့ မှတ်ကြပါ။

မိမိက ဆရာတစ်ယောက်ကို ချဉ်းကပ်မယ်ဆိုရင် ကိုယ်က ကြည့်ရမယ်။ ဒီဆရာသည် ဘယ်ကနေ ပိုက်ဆံရလို့

စားနေတာလဲ၊ ဘယ်ကငွေရလို့ ဝတ်နေတာလဲ၊ ဘယ်ကငွေနဲ့ ရပ်တည်နေတာလဲ ကြည့်ရမယ်။ အရမ်းမယုံကြည်ရဘူး။ ဒီပညာနဲ့ အသက်မွေးတယ်ဆိုရင်တော့ ဒီလူဟာ လာတဲ့ ပုဂ္ဂိုလ် အပေါ်မှာ ငွေရဖို့ စိတ်ညွတ်မိမှာ သေချာတယ်။ ဘာပြောပြော အယူပါမှာ ကြိမ်းသေတယ်။ ဒါနဲ့ အသက်မွေးနဲ့ ပုဂ္ဂိုလ်တွေက လာတဲ့ပုဂ္ဂိုလ်ဆီက လာဘ်လာဘမရနိုင်ရင် စေတနာနဲ့ဟောသော်လည်းပဲ ဘယ်နည်းနဲ့မှ မရပ်တည်နိုင်တော့ဘူး။ ဒါမှမရရင် အသက်မွေးလို့ မရတာကို သဘောပေါက်ပါ။ ယူချင်စိတ်တော့ ပေါ်မှာပဲ၊ အယူသမားတို့ မည်သည်မှာ ပရိယာယ်ပါတတ်တယ်လို့ မှတ်ထားလိုက်ပါ။ မဖြောင့်နိုင်ဘူး။ ကိုယ်ကစဉ်းစားချင့်ချိန်ပြီး နားလည်ကြဖို့ လိုပါတယ်။

ဘုန်းကြီးတို့လည်း ကိုယ့်ဘာသာကို အမြဲတမ်း ဆင်ခြင်နေရတယ်။ တစ်ခါတုန်းက ဘုန်းကြီးကိုယ့်ဘာသာကို ရှက်ဖူးတယ်။ ဘုန်းကြီးရဲ့ ရဟန်းအမ၊ လှူနေကျရဟန်းအမပဲ၊ တစ်ရက် ကျောင်းကိုလာတော့ ဘုန်းကြီးမှာက ကျောင်းကိစ္စတစ်ခုနဲ့ ငွေလေးက တစ်ထောင်လောက်လိုနေတဲ့အချိန်။ ရဟန်းအမလည်း ချမ်းသာတယ်။ ငွေအိတ်လည်းပါလာတယ်။ သူလာတာက လှူဖို့လာတာမဟုတ်ဘဲ ဆွမ်းစားပင့်ဖို့

လာတာနော်။ ဘုန်းကြီးက သူ့ရဲ့အိတ်ကိုကြည့်မိတယ်။ စိတ်ထဲက တောင့်တမိတာနော်၊ တောင့်တမိပြီးခါမှ စိတ်ထဲက ရှက်လိုက်တာ၊ နှစ်ရက်လောက် ရှက်လို့မဆုံးဘူး၊ အမှန်က သူလာတာက ဆွမ်းစားပင့်ဖို့လာတာ၊ ကိုယ်ကငွေကို ညွတ်လိုက်မိတယ်။ စကားသာပြောနေရတာ မဖြောင့်တော့ဘူး။ နှုတ်ကဖွင့်မပြောမိပေမယ့် စိတ်ကတောင်းချင်စိတ်ပေါ် လိုက်မိတာကို ရှက်စရာအင်မတန်ကောင်းတာ၊ တစ်ဖက်သားရင်ထဲ အေးအောင်၊ တိုးတက်မှုရှိအောင် ဒီစိတ်သာမွေးရမယ့်အစား အယူပါရှိရင် မဖြောင့်တော့ဘူးလို့ ဘုရားက ဆုံးမထားတာ၊ အဲဒီတော့ ကိုယ့်ဘာသာ စစ်ရမယ်၊ စေတနာဖြောင့်မှ ကံဖြောင့်မယ်၊ ဘဝအကျိုးပေးဖြောင့်လိမ့်မယ်။ အဲဒီလို စေတနာဖြောင့်လာတဲ့ ပုဂ္ဂိုလ်ဆိုရင် ဘယ်ဓာတ်မှ ဘယ်ဂြိုဟ်မှ ကြောက်စရာမလိုဘူးလို့မှတ်ပါ။ ကောက်ကွေ့တဲ့ပုဂ္ဂိုလ်အဖို့ ဓာတ်က၊ ဂြိုဟ်က နည်းနည်းလေး ဆိုးတယ်ပြောလည်း အများကြီးဆိုးနိုင်တယ်။ ဓာတ်လေးပါးက တွဲလျက်ရှိတာဖြစ်တယ်။ ဗေဒင်ဆရာတွေက ဘာတွေပဲဆိုးကယ်ပြောပြော ကိုယ်ကဖြောင့်ရင် မကြောက်ကြနဲ့တော့၊ အချိန်တိုင်း ကိုယ့်မှာ အင်အားရှိပြီးသား၊ စေတနာလေးပြင်ရုံပဲ ဆိုတာကို နားလည်သဘောပေါက်ကြပါ။



ဒါကါ ဒကါမတွေက တစ်နှစ်မှ မလုပ်ဖူးတဲ့အလုပ်ကို
လုပ်ကြတယ်။ ရေအိုးတွေ ရွက်ပြီးကျောင်းကို
ရေလာလှူကြတယ်။



## လောကီချမ်းသာအတွက် ဘာတွေလုပ်ကြရမလဲ

ကိုယ့်ဘဝရပ်တည်နိုင်ဖို့ စားစရာလိုမယ်။ ဝတ်စရာလိုမယ်။ ပြည့်စုံမှုသာမက အလှုံအပယ်လိုချင်ကြတာပဲ မဟုတ်လား။ နေစရာလည်း ပြည့်စုံချင်တယ်။ ကျန်းမာရေးလည်း ကောင်းချင်တယ်။ လေးခုပေါ့နော်၊ ငွေလည်း များများရချင်တယ်။ အဲဒီ(၅)ချက်နဲ့ ပြည့်စုံရင်ပြီးမယ်။ အဲဒီအတွက် ကြိုးစားနေကြတာနော်၊ အဲဒီအတွက် ကြိုးစားရာမှာ အယူနဲ့ မသွားဘဲ၊ အပေးနဲ့သွားရမယ်။ သတ္တိသွင်းရမယ်၊ အဲဒီသတ္တိသွင်းတာများတာနဲ့စိတ်က ကြံတိုင်းကြံတိုင်း လိုတာရနိုင်တယ် မှတ်ပါ။ စဉ်းစားကြပါ။ ဘုရားရှင် ကျင့်ကြံခဲ့တာကြည့်ပါ။

အပေးနဲ့ ကျင့်ခဲ့တာဖြစ်တယ်။ အင်အားပြည့်တဲ့ အချိန်ကျတော့ ဘုရားရှင်ရဲ့ စိတ်ကညွတ်လိုက်ရင် လိုတာချက်ချင်းရတယ်။

တစ်နေ့ သာဝတ္ထိမြို့မှာ မိုးခေါင်တော့ ကန်တွေမှာ ရေခန်းပြီး သောက်ရေအတွက်ပါ အခက်အခဲဖြစ်နေတာကို ဘုရားကမြင်ခဲ့တယ်။ သို့သော် ဘုရားရှင်က ဝိမုတ္တိခံစားမှုကြောင့် ပုံဖွဲ့ပြီးတော့ ဥပါဒါန်'ကံ'မမြောက်ဘူးပေါ့။ ဘုရားရှင်က သိပေမယ့် ဝိမုတ္တိနဲ့ အမြဲနေတာဖြစ်တဲ့အတွက် ဥပါဒါန်'ကံ'ရောက်အောင်မသွားဘူး၊ ကျောင်းတော်ကို ရောက်တဲ့အခါကျမှ ဆွမ်းစားပြီးတော့ သတ္တဝါတွေအပေါ် သနားတဲ့စိတ်ထားနဲ့ အာနန္ဒာမထေရ်ကို "အာနန္ဒာ၊ ငါ့ကို ရေလဲသင်းပိုင်ပေး"လို့ သုံးခါတောင်းမှ ရေမရှိကြောင်း လျှောက်ထားပြီး သင်းပိုင်ပေးလိုက်တယ်။ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်ကြီးမှာလည်း ရေကခန်းနေတယ်။ ဘုရားရှင်က ရေကန်ဘက်ကိုသွားပြီး ရေလဲသင်းပိုင်သင်္ကန်းကို တန်းပေါ်တင်ပြီး ခြေစုံရပ်တယ်။ အဲဒီအချိန်မှ ဘုရားရှင်က ဆုံးဖြတ်ချက်ချပြီးတော့ မိုးရွာစေတဲ့ဆန္ဒပြုပြီး 'ကံ'လမ်းလေးကို ညွတ်ပေးလိုက်တယ်။ ဘုရားရှင်ကျတော့ ဆန္ဒက ပုံစံနိမိတ်ဖွဲ့ရင် ဖွဲ့တဲ့အတိုင်း အကုန်ဖြစ်တာကို ပါကမ္မဘုန်းတော်

လို့ခေါ်တယ်။ လူတွေမှာက ကာမဂုဏ်ချမ်းသာကို တောင့်တတယ်။ တောင့်တတိုင်း မရကြဘူး၊ ဘုရားရှင်ရဲ့ ပါကမ္မဘုန်းတော်က စိတ်ကတောင့်တတိုင်း အကုန်ပြီးစေတယ်တဲ့။ ဒါပေမယ့် ဘုရားရှင်က တောင့်တဖြစ်ပေါ်ခဲတယ်လို့ မှတ်ကြပါ။ သတ္တဝါအများအတွက် မိုးရွာပုံကို ပုံဖွဲ့ပြီးတော့ တောင့်တလိုက်တယ်။ ဖွဲ့ဖွဲ့ချင်းမိနစ်ပိုင်းအတွင်း မိုးတွေဆင်ပြီး ရွာချတယ်။ နတ်ရော၊ ဓာတ်ရော နေလို့မရဘူးတဲ့။ အားလုံးပြောင်းလဲပြီးတော့ ရွာချရတယ်။ အဲဒီမိုးက ရေကန်ပြည့်ပြီး ဘုရားခြေတော်ရင်းမှာ ရေရောက်လာတယ်လို့ ဗုဒ္ဓဝင်မှာပါပါတယ်။ ဘာကြောင့်ရသလဲ ဆိုလို့ရှိရင် ဘုရားရှင်ရဲ့ အသွေးအသားမှာ တစ်ဘက်သားအတွက် လိုအပ်ရင် သွေးလည်းဖောက်လှူခဲ့တယ်။ ရေအတွက်ဆိုရင်လည်း အသက်ပါစွန့်ပြီး ပေးခဲ့တယ်။ များစွာပြုခဲ့တဲ့ ကုသိုလ်တွေရှိတယ်လို့ မှတ်ပါ။ အဲဒီသတ္တိပါနေတော့ စိတ်ကညွတ်တိုင်း အကုန်ဖြစ်တယ်။


ရေလည်း တစ်ခါမှ မလှူဘူး။ မေတ္တာနဲ့လည်း ပတ်သက်လို့ကင်းမဲ့တဲ့ ပုဂ္ဂိုလ်မျိုးကျတော့ ရေနဲ့ပတ်သက်လို့ ခက်ခဲမှာပဲ၊ ဟိုတုန်းက ဘုန်းကြီးတို့ကျောင်းမှာ ဆရာတော်ကြီးရှိတုန်းက ကျောင်းကရေကန်က နွေကျရင် ရေခန်းတယ်။ ဘုန်းကြီးက ရဟန်းဝတ်ခါစ၊ လူတွေက အပြင်မှာ ရေမရှိတော့

ကျောင်းမှာရှိတဲ့ရေကို တောင်းကြတယ်။ ဆရာတော်ကြီးက မပေးနဲ့လို့တားတယ်။ ဘုန်းကြီးက ဒါကိုနည်းနည်းသဘော ပေါက်ခါစဖြစ်လာရော၊ ရေနဲ့ပတ်သက်လို့ မတားကောင်းဘူး ဆိုတာလည်း မိရိုးဖလာ ဆုံးမထားတာရှိတော့ သူတို့ရင်ထဲမှာ အေးချမ်းပါစေဆိုပြီးတော့ ရေကိုခပ်ခွင့် ပေးလိုက်တယ်။ သူတို့ရင်ထဲမှာ အေးချမ်းအောင် ကျိတ်ပေးတဲ့အပြင် လမ်းမှာ ထွက်ပြီး ရေအိုးစင်ပါ တည်ထားလိုက်တယ်။ ဆရာတော် ကြီးက "ဘုန်းကြီးလေးက ပြောတဲ့စကား နားမထောင်ဘူး၊ ရေမရှိတဲ့ကြား လုပ်နေပြန်ပြီ"လို့ ပြောတယ်။ ဘုန်းကြီးက "ဆရာတော်ဘုရား၊ ရေပေါအောင် လုပ်နေတာပါဘုရား"လို့ ပြန်လျှောက်လိုက်တယ။ ဆရာတော်ကြီးက အစမှာ သဘော မပေါက်ဘူး။ အဲ. . . နောက်ပိုင်းကျတော့ ရေကန်က ရေတကယ်ခန်းသွားတဲ့ အချိန်မှာ ရွာထဲက ဒကာ၊ ဒကာမ တွေက တစ်နှစ်မှ မလုပ်ဖူးတဲ့အလုပ်ကို လုပ်ကြတယ်။ ရေအိုး တွေရွက်ပြီး ကျောင်းကိုရေလာလှူကြတယ်။ သင်္ကန်းတွေ အိမ်မှာယူပြီး လျှော်ပေးကြနဲ့ အဆင်ပြေသွားတယ်။ နောက် ပိုင်းကျတော့ ရေတွင်းတူးပြီး ရေပေါလာတယ်။ အားလုံး သဘောပေါက်ကြဖို့က တစ်ဖက်သားရေလိုချင်ရင် ရေများ များပေးတဲ့ အပေးသတ္တိကို သွင်းလိုက်ပါ။ မခက်ခဲပါဘူး၊

တစ်ဖက်သားရင်ထဲ နှလုံးအေးအောင် ချမ်းသာအောင် ဒါန ကို စေတနာဖြောင့်ဖြောင့်နဲ့ပေး။ 'ကံ'မြောက်ထားပါ။ 'ကံ' မြောက်ပြီး သတ္တိဝင်သွားရင် အဲဒီသတ္တိရှိတဲ့သူက ဘယ်နေရာ ရောက်ရောက် ရေနဲ့ပတ်သက်ရင် မရှားဘူးလို့ မှတ်ကြပါ။ တစ်ချက်ရပြီလို့ မှတ်ခဲ့ကြပါ။



ဘုရားကို တစ်ကြိမ်ဖူးမြော်ပြီး တရားနာလျှင်ပဲ
အကျိုးအလွန်ကြီးတယ်ဆိုတာ ဒအားလုံးသိပြီးသား
ဖြစ်ပါတယ်။



## ငွေကြေးပြည့်စုံစေခြင်းအကြောင်း

ငွေနဲ့ပတ်သက်ပြီး ဒီအတိုင်းပဲလုပ်ပါ။ ဇောတိက သူဌေးကိုကြည့်ပါ။ အရွယ်ရောက်လို့ သူ့အတွက် အိမ်ဆောက်မယ်ဆိုတော့ သိကြားမင်းနေလို့ မရတော့ဘူးတဲ့။ မြေနေရာမှာ နတ်ရေစင်ဖျန်းပေးရတယ်၊ 'ဇောတိက'ရဲ့ သန္တာန်မှာရှိတဲ့ ကံသတ္တိအလျောက် "နတ်ဗိမာန်တမျှ ဆန်းကြယ်တဲ့အိမ် မြေကပေါ်လာရတယ်၊ ဒေါင့်လေးဒေါင့်မှာ ရတနာအိုးကြီးလေးလုံး ပါလာတယ်။ အစောင့်နတ်များလည်း ပါလာတယ်တဲ့။ ဒီရတနာအိုးကြီးတွေဟာ ဘယ်လောက်ယူသုံးသုံး ပြန်ပြန်ပြည့်ပါတယ်တဲ့။

ဘာကြောင့် ဒီအကျိုးတရားတွေ ရသလဲဆိုရင် လွန်ခဲ့တဲ့ဘဝတစ်ခုက ဘုရားရှင်နှင့်တကွ သံဃာတော်များ သီတင်းသုံးနေထိုင်ရန် ကျောင်းတော်ဆောက်လုပ် လှူခဲ့တယ်တဲ့။ (အသေးစိတ်ကတော့ မဟာဗုဒ္ဓဝင်မှာ ဖတ်ကြပါ)၊ လိုရင်းဘဲပြောရအောင်။ အဲဒီအချိန်က ကျောင်းရေစက်ချပွဲမှာလည်း ဘုရားရှင်နှင့်တကွ သံဃာတော်"ခြောက်သန်းရှစ်သိန်း"ကို ပရိက္ခရာအစုံလှူတယ်။ အဆန်းကြယ်ဆုံးကတော့ တရားသဘင်ကျင်းပတဲ့ခန်းမမှာ ရတနာတွေ ဒူးဆစ်မြုပ်လောက်အောင် ခင်းထားတယ်၊ ပြီးတော့ ဓမ္မဒါနအဖြစ် ဘုရားရှင်ကို ဖူးမျှော်ပြီး တစ်ရားတစ်ပွဲနာပါက လက်တစ်ဆုတ်နိုင်သလောက် ရတနာတွေ ယူနိုင်ပါတယ်လို့ ကြေညာပြီး ထားပါတယ်တဲ့၊ ဘုရားကို တစ်ကြိမ်ဖူးမျှော်ပြီး တရားနာလျှင်ဘဲ အကျိုးအင်မတန်ကြီးတယ်ဆိုတာ အားလုံးသိပြီးသား ဖြစ်ပါတယ်၊ သူရဲ့စေတနာက အပေးသက်သက် အင်မတန်မှ ဖြောင့်စင်းတယ်၊ ရတနာတွေ လျော့သွားလည်း ထပ်ဖြည့်ပေးတယ်တဲ့။


အထူးသဖြင့်ကတော့ ဒီ"ရတနာ"တွေ အလျော့မခံဘဲ ဓမ္မဒါနအဖြစ် ထပ်ဖြည့်တဲ့စေတနာ "ကံသတ္တိ"ကြောင့် ဇောတိကဘဝမှာ ရတနာအိုးကြီးတွေဟာ ဘယ်လောက်ယူသုံးသုံး မလျော့ဘဲ ပြန်ပြည့်ရတာဘဲလို့ မှတ်ကြပါ။

အဲဒီကံသတ္တိဟာ လူသေလို့ မြေဩဇာဖြစ်သွားပေမယ့် ဘဝတစ်ဖန် သန္ဓေမှီတဲ့အခါမှာ "အပင် မှ မျိုး၊ မျိုး မှ အပင် အမျှင်မပြတ် ဆက်စပ်သကဲ့သို့"ဆိုတဲ့ စကားအတိုင်း သတ္တိမျိုးစေ့အဖြစ် ပါတယ်လို့ မှတ်ကြပါ။

လိုရင်းအချက်ကို ထုတ်နှုတ်ပြီး သခ်ိန်းစာယူကြပါ။ ဒီတော့ကိုယ့်မှာ ငွေတွေပေါများလာအောင်၊ အိုးအိမ်ကောင်းနေရအောင် ဘာလုပ်ရမလဲဆိုတာ စဉ်းစားလို့ရလောက်ပါပြီ၊ တစ်ဖက်သားရဲ့ ရင်ထဲမှာ ငွေကြေးနဲ့ပတ်သက်လို့ တောင့်တပြည့်ပြီး ပျော်သွားအောင် ငွေကြေးလှူပေးပါ။ လှူပြီးတော့ မိမိကသူ့ရသွားလို့ ပျော်တာကို တစ်ထပ်တည်းခံစားပြီး ပျော်နိုင်ပါစေ၊ တစ်ဖက်သားမှာ ငွေနဲ့ပတ်သက်လို့ တောင့်တပြည့်ပြီး ပျော်သွားတာကို ကိုယ်ကပီတိ ဖြစ်လိုက်နိုင်ခဲ့ရင် မိမိမှာ ငွေပေါစေတဲ့ "သတ္တိ"နှလုံးသွေးမှာ ကိန်းပြီး အောင်ဓာတ်ရပြီလို့ မှတ်ကြပါ။

လှူစရာ မရှိဘူးလို့ ဆင်ခြေမပေးကြပါနဲ့၊ လုံးဝမရှိရင် ဥပုသ်စောင့် ညစာမစားဘဲ ကိုယ့်ညစာခွဲတမ်းကို စုပါ။ (၉) ရက် သို့မဟုတ် (၁၈) ရက်လောက်ဆိုရင် ဆန်တစ်ပြည်တော့ ရနိုင်ပါတယ်။ ဆန်ကိုရောင်းချပြီး လှူကြည့်ပါ။ လှူဖွယ်ဝတ္ထုက ပေါပါတယ်။ "စေတနာ"ကသာ ရှားပါးတာပါလို့ ရှေး

ဆရာများ အမိန့်ရှိခဲ့တာ မှန်ပါတယ်။ ကိုယ့်တိုင်ကိုယ့်ဉာဏ်နဲ့ ချဲ့ထွင်ပြီး ကြိုးစားပြီး ဖြည့်ကြပါ။



## အဝတ်အထည် ပေါများခြင်းအကြောင်း


တစ်ခါ အဝတ်အထည်နဲ့ ပတ်သက်တဲ့ ဆင်းရဲတဲ့ ပုဂ္ဂိုလ်များအတွက်လည်း မခက်ပါဘူး။ ဘုရားရှင် ကျင့်ကြံတဲ့ အတိုင်းလုပ်ပါ။ တစ်ဖက်သားအတွက် ဆင်းရဲတဲ့သူ၊ တကယ် လိုအပ်တဲ့သူကို အဝတ်အထည်နဲ့ ပတ်သက်လို့ အပေး သက်သက်နဲ့ အဓိကဖြစ်တဲ့ မေတ္တာတို့၊ ခန္တီ၊ သစ္စာတို့ ပါဝင် ပြီး စွန့်စွန့်စားစားနဲ့ပေးတဲ့ကံကို မြောက်ပေးပါ။ အကြိမ်များ စွာနဲ့ လုပ်ပေးရင် သန်သန်လေးလုပ်ပေးရန် သတ္တိကိန်းပြီး အထည်နဲ့ပတ်သက်တာ မပူရအောင် ချမ်းသာလာမယ် ဆိုတာ မှတ်ကြပါ။

အထည်နဲ့ပတ်သက်တဲ့ ဥပမာဆိုရင် ဘုန်းကြီးရဲ့ ရဟန်းအစ်မတစ်ယောက်ရှိတယ်။ ဒီမြောက်ဒဂုံထဲက ဒေါ်မြထူးတဲ့နော်။ သူငယ်ငယ်က တပ်ကြပ်ကြီးအဆင့် သူ့ယောကျ်ားက လခလေးနှစ်ရာကျော်ရတယ်။ အဲဒီအချိန် က သင်္ကန်းတစ်စုံလေးရာကျော်လောက်ပဲ ရှိတာ။ လေးရာ ကျော်ရဖို့ တစ်နှစ်ပတ်လည် မနည်းစုမှရတာ။ သူက အဝတ် အစားမက်တော့ တစ်နေ့ကျတော့ ဘုန်းကြီးကိုမေးတယ်။ ငယ်ငယ်က လှချင်တာကိုး၊ "ဦးဇင်းဘုရား၊ အဝတ်အစား ပေါအောင် ဘာလုပ်ရမလဲ"လို့ မေးတယ်။ ကျမ်းစာထဲမှာ တော့ သင်္ကန်းကို တကယ်စွန့်စွန့်စားစားလှူရင် တကယ်ပေါ တာပဲလို့ ပြောလိုက်တယ်။ တပည့်တော် လှူမယ်ဘုရားဆိုပြီး တစ်နှစ်ပတ်လည်စုတယ်။ စေတနာနဲ့ ဆုံးဖြတ်ချက်ချတာက တစ်နှစ်အလိုမှာနော်၊ ဆုံးဖြတ်ချက် ချလိုက်ပြီး သူကတစ်နှစ် ကာလမှာ အောင်မြင်ရမယ်။ ရအောင် စုဆောင်းမယ်ပေါ့။ ကြားကာလဖြစ်တဲ့ အလယ်စေတနာက အရေးကြီးတယ် နော်။ သူ့မိခင်က မုန့်ဖိုးပေးလည်း သင်္ကန်းဖိုးစုတယ်၊ မနက် မနက် မုန့်ဟင်းခါးစားဖို့ ငွေကိုလည်းစုတယ်၊ ဖိနပ်ပြတ်လို့ ယောကျ်ားက ဖိနပ်ဝယ်ဖို့ ပိုက်ဆံပေးတော့လည်း ခုံဖိနပ်ဝယ် စီးပြီး ကျန်ငွေကို စုထားတယ်။ တစ်နှစ်လုံး ခုံဖိနပ်ပဲစီးပြီး

သက်န်းဖြစ်ရေးအတွက် အားစိုက်ပြီး စေတနာသန်ခဲ့တာ။ ယောက်ျားလုပ်တဲ့သူက အင်္ကျီဝယ်ဖို့ ငွေပေးလည်းပဲ မဝယ်ဘဲနဲ့စုတယ်။ အဲဒီလို ကျိတ်ပြီးစုလာလိုက်တာ တစ်နှစ် ပြည့်တော့ ငွေလေးရာကျပ်ရပြီး သင်္ကန်းတစ်စုံဝယ်တယ်။ အဲဒီတုန်းက တက်ထရွန်သင်္ကန်းအကောင်းစား ရတယ်။ အဲဒါကိုလှူလိုက်တော့ အောင်ပြီပေါ့။ သူ့စေတနာက အစ၊ အလယ်၊ အဆုံး အင်မတန် သန်ခဲ့တယ်။ အဲဒီသင်္ကန်းကို ဘုန်းကြီးက သံဃာလေး၊ ငါး၊ ဆယ်ပါးလှည့်ပြီး တဖြည်းဖြည်း ဝတ်ခိုင်းလိုက်တယ်။ နောက်ဆုံးမှ ဘုန်းကြီးဝတ်တယ်။ အဲဒီကိစ္စပြီးတော့ ဘာဖြစ်လာမလဲလို့ ဘုန်းကြီးက စောင့်ကြည့်တယ်။

သူတို့က တပ်ရင်း(၃)ကနေ တပ်ရင်း(၄)ကို ပြောင်းရပြီး စစ်သံမှူးနဲ့လိုက်ဖို့ သူ့ယောက်ျားက အရွေးခံရတယ်။ နိုင်ငံခြားသွားဖို့က မိန်းမနဲ့မိသားစုပါ ခေါ်ရမယ်လို့ သတ်မှတ်ထားတော့ သူပါလိုက်ရတယ်။ သုံးနှစ်ခွဲနေရတယ်။ ဘုရားဟောစကားရှိတယ်။ သင်္ကန်းတစ်စုံကို မိမိရရလှူလို့ရှိရင် ခေါမ,ဖြစ်၊ ရောမ,ဖြစ်တဲ့(နိုင်ငံခြားဖြစ်ကိုပြောတာ)အဝတ်အထည်၊ ပုဆိုးပေါင်း ထောင်ချီရနိုင်တယ်လို့ ဟောခဲ့တာ၊ သူပြန်လာတော့ အဲဒီလိုပဲ ရလာတယ်။ အထည်တွေ အများကြီးပါလာတယ်။ အင်္ကျီအထည် တစ်ရာ၊ လုံချည် နှစ်ရာ

လောက် အခိုးခံခဲ့ရတာတောင် သူကအပြုံးမပျက်ဘူး။ ဘယ်လောက်ပါတယ်ဆိုတာ မှန်းကြည့်ကြပါ။ အဲဒီနောက်မှာလည်း အဝတ်အထည်တွေ ဆက်ပြီးပေါ်များတာ သူက "ဘုန်းဘုန်းရယ်၊ တပည့်တော်တော့ အထည်တွေကို မကြည့်ချင်တော့ပါဘူး၊ စိတ်ကုန်ပါပြီ"လို့ ပြောပြီး အထည်တွေရောင်းပြီး သောင်းချီလှူတယ်။ ဒါလည်း ပေါ်သည်ထက်ပေါ်နေတုန်းပါပဲ၊ တကယ်သာ သတ္တိကိန်းရင် တကယ်အကျိုးပေးတယ်ဆိုတာ နားလည်ကြပြီလား?။ အဝတ်အထည်နဲ့ပတ်သက်ပြီး ကိုယ်တိုင်ရအောင် သတ္တိသွင်းရမယ် ဆိုတာသဘောပေါက်ကြပါ။ အထည်က စနေဂြိုဟ်ဆိုပြီး စနေဂြိုဟ်ပျက်လို့ဆိုပြီး ခေါင်းသွားမရှုပ်နဲ့နော်၊ သွေးမှာ သတ္တိကိန်းအောင်သွင်းရမယ်ဆိုတာ နားလည်ကြပါ။



## နေ့အိမ်အတွက် ဒါနပြုပုံ

နေစရာအိမ်နဲ့ ပတ်သက်လို့ ခက်ခဲတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ ဘုန်းကြီးရဲ့ ဒကာတစ်ယောက်မှာ အိမ်နဲ့ ပတ်သက်ပြီး အခက်အခဲဖြစ်နေတော့ ဘုန်းကြီးက စဉ်းစားပေးတယ်။ တစ်ဖက်သားကို နေစရာချမ်းသာပေးရမယ်၊ သူ့မှာကလည်း သူများအိမ်ငှားနေရတာဆိုတော့ ပေးစရာက မရှိ။ ဘာလုပ်ရမလဲလို့ စဉ်းစားပြီး စာကလေးတွေအတွက် အိမ်ဆောက်ခိုင်းလိုက်တယ်။ အိမ်ဆောက်တဲ့အခါ နှလုံးသွင်းရမှာက အပေးနဲ့သွားရမယ်။ စာကလေးတွေမှာ မိုးကလာမှာဆိုရင် နေစရာမရှိလို့ မိုးတွေကစိုလို့ တချို့

စာကလေးတွေမှာ သစ်ကိုင်းမှာ နားနေရင်းနဲ့ အအေးပတ်ပြီး ပြုတ်ကျသေတာ ရှိသေးတယ်။ အင်မတန်ဆင်းရဲရှာတယ်။ အဲဒီတော့ အိမ်ကလေးတွေ ဆောက်ပေးရအုံးမယ်ဆိုတဲ့ စေတနာအပြည့်နဲ့ အမိုးလေး၊ အကာလေးနဲ့ ကပြင်လေးနဲ့၊ စားစရာနေရာလေးနဲ့ အိမ်လေးကို သေချာစဉ်းစားပြီးတော့ ဆောက်တယ်။ ဆောက်ပြီးတော့ ကျကျနနအိမ်အဖြစ် လှူပေးပါ။ အဲဒီလို အကြိမ်ရေများစွာ လှူပေးပြီး စာကလေး တွေလည်း နေဖြစ်ပြီဆိုရင် ဝမ်းသာပီတိဖြစ်ရမယ်။ အဲဒီလို ပုဂ္ဂိုလ်ဆိုရင် သတ္တိကိန်းတာနဲ့ တစ်ပြိုင်နက် သူ့အတွက် နေစရာပူမနေရဘဲ ရလာမယ်။ ရမှာအမှန်ပဲဆိုတာ နားလည် ကြ၊ သဘောပေါက်ကြပါ။ နှလုံးသွေးထဲမှာ စိတ်ထဲမှာ သတ္တိ သွင်းရမှာကို ဆိုလိုတာဖြစ်တယ်။

ဒီထက်အလွန် သစ်ပင်ကြီးမျိုးတွေ စိုက်ပျိုးခြင်း၊ ကျောင်း၊ သိမ်၊ ဇရပ် စသည်တို့ ဆောက်လှူပြီး ပီတိဖြစ်နိုင် လျှင် ပိုပြီးအားကောင်းမယ်လို့ မှတ်ကြပါ။



## “အာရောဂျပရမာ လာဘာ”ပြည့်စုံခြင်း


ကျန်းမာရေးအတွက်ဆိုရင် သူများအသက်ကို စေတနာအပြည့်ကလေးနဲ့ ရင်ထဲမှာ သေလုဆဲဆဲ ပုဂ္ဂိုလ်တွေကို ကိုယ့်အတွက်မပါဘဲ၊ အသက်လွတ်ပစေ။ ချမ်းသာပါစေဆိုတဲ့ စေတနာအပြည့်နဲ့ 'ကံ' မြောက်ရမယ်။ အဲဒီသတ္တိများများသွင်းရမယ်။ သွင်းတယ်ဆိုရင်ဖြင့် အသက်အတွက်ရုပ်တွေက သတ္တိပြောင်းပြီး ကျန်းမာရေးကောင်းလာလိမ့်မယ်။ ဆေးကောင်းတွေ့လာရမယ်။ ဘုန်းကြီးတို့ကိုယ်တွေ့ပဲ၊ ကျောင်းမှာ ဘုန်းကြီးတစ်ပါးရှိတယ်။ ဗိုလ်မှူးဟောင်းတစ်ယောက်ပဲ၊ သူ့ဒကာမကြီးက ဗေဒင်မေးတာ

ဝါသနာအရမ်းပါတယ်။ ဆရာပေါင်းစုံသွားတာ။ အဲဒီ ဘုန်းကြီး ဆီးအိမ်ခွဲရတော့ မြို့ထဲမှာ အကြားအမြင်နဲ့ဟောတဲ့ ကလေးမလေးဆီ တိုကင်ယူပြီး သွားမေးတယ်။ ဗိုက်ခွဲထား တဲ့ ဘုန်းကြီးဟာ သုံးလကြာရင်သေမယ်။ အိမ်နှစ်အိမ်ရှိရာမှာ မင်္ဂလာဒုံအိမ်မှာ သေရမယ်လို့ အတပ်ဟောတယ်။ ဘုန်းကြီး ဆီရောက်လာပြီး စိတ်မကောင်းဖြစ်ရတာကို လျှောက်တယ်။ နေပါဦး ဒကာမကြီးရယ်၊ ဘုန်းဘုန်းစဉ်းစားပေးပါရစေဦးလို့ စဉ်းစားကြည့်လိုကတော့ ဗေဒင်ပညာအရ ကြည့်တော့လည်း သုံးလလောက်ကြာရင် မကောင်းတော့ဘူး၊ မဟုတ်သေးပါ ဘူး။ သုံးလဆိုရင် အချိန်ရသေးတယ် ဒကာမကြီးရဲ့၊ စမ်းကြည့်ရအောင်၊ ဘုရားဟောအရ နေ့စဉ် နေ့စဉ် သူတို့က တတ်နိုင်တဲ့သူတွေဆိုတော့ ငါး(၁၀၈)ကောင်၊ ဘုန်းကြီးဆိုလို ချင်တာကတော့(၁၀၈)ကောင်ရယ်လို့ မဟုတ်ပါဘူး။ သူတို့ က ငြိုဟ်တွေနံတွေ အစွဲအလန်းကြီးလွန်းလို့(၁၀၈) ကောင်လို့ ပြောလိုကတာ။ ဒီထက်များလည်းရတယ်၊ သူတို့က နဝင်းတွေ ဘာတွေလုပ်နေလို့ (၁၀၈) လို့ လေးစားအောင် ပြောလိုက် ရတာ။ ပိုများလေ ပိုကောင်းလေပဲ၊ အဲဒီ ငါး(၁၀၈)ကောင်ကို နေ့စဉ်ခုတင်အောက်မှာထား၊ မေတ္တာပို့စေပြီး အစာကျွေးခိုင်း တယ်။ လူနာဘုန်းကြီးကိုလည်း မေတ္တာပို့ခိုင်းတယ်။ သူ့ကို

အပိုင်ပေး၊ ငါးတွေကိုကြည့်ပြီး ငါးတွေအသက်ချမ်းသာပါစေ၊ ရင်ထဲက အေးပါစေလို့ မေတ္တာပို့ခိုင်းပြီး သုံးလဆက်ပြီး လွှတ်ခိုင်းတယ်။ သုံးလပြည့်တော့ မသေတဲ့အပြင် ရောဂါအကုန်ကောင်းသွားတယ်။ ပြန်ကျန်းမာလာတဲ့အပြင် ဟိုတုန်းက သူက ဂျပန်မှာ သင်တန်းတက်ခဲ့လို့ အဲဒီသင်တန်းက ဗိုလ်မှူးဟောင်းတွေကို ပြန်ခေါ်လို့ ဂျပန်ကိုတောင် တစ်ခေါက်သွားလိုက်ရသေးတယ်။ အဲဒီကပြန်လာတော့ ဘုန်းကြီးပြန်ဝတ်တယ်။ ခုထိ မသေသေးဘူး။ ဗေဒင်ကိုလည်း သူမယုံတော့ဘူး။ ဘုန်းဘုန်းပြောတာ ငါလုပ်မယ်။ ဗေဒင်ကို လုံးဝမယုံတော့ဘူး။ ဘုန်းကြီးပြောတာတွေက ဘုရားဟောမှာ ပါပြီးသားတွေ ပြောတာလို့ မှတ်ကြပါ။ မိမိရဲ့စေတနာ'ကံ'ကိုသာ ပြင်ကြပါ။ ဘယ်ဂြိုဟ်မှ ကြောက်စရာမလိုဘူးလို့ မှတ်ကြ၊ သဘောပေါက်ကြပြီလား. . . ?၊ မျက်စိမလည်ကြပါနဲ့ ကိုယ်လိုတာကို ဖြည့်ကြပါ။



စေတနာကောင်းမှ ကံကောင်းမယ်၊ ကံကောင်းရင်
ကောင်းမှုဆိုတဲ့ ပုညသတ္တိတွေ ကိုယ်မှာများလာမယ်။
ပုညကောင်းမှုဓါတ်များရင် ဘုန်းတန်ခိုးပေါ်မှာပဲ။



## "ဆုပ်ရင်ကွဲတယ်၊ ကျဲရင်လုံးတယ်"
## ဆိုသော ဆိုရိုးစကား

ငွေကြေးခက်ခဲတဲ့သူတွေလည်း ကိုယ့်ကိုကိုယ် ပြန်စစ်ကြည့်ပါ။ ဒီတစ်လအတွင်းမှာ ဘယ်နှစ်ကြိမ် ပေးခဲ့ဖူးသလဲ၊ ငါ့မိဘဖြစ်စေ၊ အမျိုးဖြစ်စေ၊ ကြီးကဲတဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို နှလုံးအေးအောင် ငွေဘယ်နှစ်ခါ ကန်တော့ဖူးသလဲ၊ အကြိမ်အရေအတွက် မှတ်ကြည့်ပါ။ အကြိမ်နည်းနေရင် ငွေက တောင့်တတိုင်းရမှာ မဟုတ်ဘူး။ ခက်မှာပဲ၊ ဆုပ်သောလက်သည် ကွဲတတ်တယ်တဲ့၊ "ဆုပ်ရင်ကွဲတယ်၊ ကျဲရင်လုံးတယ်'ဆိုတဲ့ ရှေးစကားကို မှတ်ထားကြပါ။ ဆုပ်တယ်ဆိုတာ

အယူသမားဖြစ်တယ်။ အယူသမားတွေဟာ စီးပွားပျက်တတ်တယ်။ အမြဲတမ်းကိုယ်က စိတ်ကူးယဉ်ပြီး တိုက်ကြီးတွေဆောက်၊ ကားတွေစီးချင်တယ်။ ပိုက်ဆံစုတယ်၊ စုရင်၊ ဆုပ်တာပဲ၊ အဲဒီပုဂ္ဂိုလ်ဟာ အားတွေတဖြည်းဖြည်း ကုန်သွားခဲ့ရင်၊ သတ္တိနည်းသွားရင် စီးပွားပျက်တတ်တယ်။ ကျဲတယ်ဆိုတာက ပေးကမ်းတာ၊ အဲဒီတော့ ငွေထောက်ပံ့ပေးကမ်းတယ်။ အစား၊ အဝတ်အထည်၊ နေအိမ်၊ ကျန်းမာရေး မပြတ်ထောက်ပံ့ပြီးတော့ကာ စေတနာသန့်သန့်လေးနဲ့ မပြတ်သတ္တိသွင်းသွားရင် ဒီပုဂ္ဂိုလ်မှာ စီးပွားတက်လာလိမ့်မယ်။ မခက်ခဲဘူး။ အင်မတန် လွယ်တယ်လို့မှတ်ပါ။ **"ဆုပ်ရင် ကွဲတယ်၊ ကျဲရင် လုံးတယ်"**ဆိုတဲ့ စကားကို သေချာမှတ်သားပြီး ရအောင်ယူကြပါ။ ဘယ်ဆရာဘယ်လိုဟောဟော၊ ဘယ်ဗေဒင်ကိုမှ ကြောက်စရာ မလိုဘူးတဲ့ မှတ်ကြပါ။

စေတနာကကောင်းရင် **'ကံ'**ကောင်းတယ်၊ **'ကံ'** ကောင်းရင် ကောင်းမှုဆိုတဲ့ **'ပုညသတ္တိ'**တွေ ကိုယ်မှာများလာမယ်။ ပုညကောင်းမှုဓာတ်များရင်၊ ဘုန်းတန်ခိုးပေါ်မှာပဲ၊ ဘုန်းတန်ခိုးကြီးတယ်ဆိုတာ ဒါကိုပြောတာဖြစ်တယ်။ ကောင်းမှုဓာတ်တွေ စုနေရင် ဘုန်းတန်ခိုးကြီးမယ်။ သူ့စိတ်က ကြံတိုင်းအကုန်ပြီးမယ်။ အကြိမ်တစ်ရာကြံရင်(၉၉)ကြိမ်

လောက်ပြီးသွားရင် ဘုန်းကံကြီးတဲ့ ပုဂ္ဂိုလ်လို့ခေါ်တာ၊ ကောင်းမှုများလို့ရှိရင် သူများဆန္ဒကို ဖြည့်ပါများလာလို့ သတ္တိများတဲ့ ပုဂ္ဂိုလ်က ဘယ်သွားချင်လဲ ကားကအသင့်ဖြစ်မယ်။ လမ်းတွေ ပြင်ပေးတယ်၊ ဖြောင့်အောင်ပြင်ပေးတယ်။ ဖိနပ်လှူတယ်၊ ထီးလှူတယ်၊ ကားစီစဉ်ပြီးလှူခဲ့တယ်။ တစ်ဖက်သားချမ်းသာအောင် နှလုံးကို ဆောင်ပြီး များစွာပြုထားတဲ့ ပုဂ္ဂိုလ်များဆိုရင် သွားစရာလာစရာအတွက် ကားအဆင်သင့်ဖြစ်ပြီး ပူစရာမလိုတော့ဘူး။ စေတနာသန်ရင် သန်သလောက် ကိုယ်ပိုင်ကားပါ စီးရနိုင်တယ်။ သတ္တိအားကောင်းရင် ဘာမှပူစရာမလိုဘူး။ ကြံဖန်ပြီးရလာလိမ့်မယ်။ စကားတွေကို ပြန်စုရင် ဆုပ်ရင်ကွဲတယ်၊ ကျဲရင်လုံးတယ်။ အဲဒီတော့ များများယူဖို့ စိတ်ကူးတဲ့သူဟာ စီးပွားရေး တဖြည်းဖြည်းကျလိမ့်မယ်လို့ မှတ်ပါ။ အပေးသာ စဉ်းစားကြရမယ်ဆိုတာ နားလည်သဘောပေါက်ကြပါ။

ရှေးတုန်းက ဆရာတော်ကြီးတွေက အမိန့်ရှိခဲ့တယ်။ နတ်ပြည်က နတ်သမီး၊ နတ်သားများဟာ လူ့ပြည်က ကုသိုလ်ခတ်တွေစုပြီး ပျော်ပွဲစားသွားကြတာတဲ့၊ နတ်ပြည်မှာ စုထားတာကုန်တော့ တချို့ဆိုရင် အပါယ်တန်းကျတယ်။ ခုကျတော့ လူတွေက ပျော်ပွဲစားချင်တာ များနေတယ်။ မစုရသေးခင်က

ပျော်ပွဲစားသွားချင်တာက များနေတယ်။ စုလို့ရတဲ့အားက နည်းနည်းလေးရှိသေးတယ်။ တိုက်ကြီးဆောက်ချင်တာ၊ ကားကြီးစီးချင်တာကစပြီး၊ ရွှေ ငွေပေါများချင်တာကများပြီး ထီတွေထိုး၊ ချဲတွေထိုး ဆင်းရဲကုန်တာပဲ။ ကုသိုလ်အားက မစုရသေးခင် ဖြုန်းချင်တာက အရင်ဖြစ်နေတာကိုး။ အဲဒီတော့ အပေးနဲ့ များများစုမှ၊ ဖြောင့်ဖြောင့်စုမှ သတ္တိကိန်းလိမ့်မယ်။ ရှေ့မှာဖြစ်ချင်တာများရင် သတ္တိများများစုကြဖို့ လုပ်ရမယ်ဆိုတာ လက်ခံကြရမယ်။




## ဗုဒ္ဓမြတ်စွာဘုရားအား ပူဇော်ခြင်း၏အကျိုး


အစိန္တေယျဂုဏ်တော်ပိုင်ရှင်ဖြစ်တဲ့ ဘုရားရှင်ကို ပူဇော်တာကျတော့ ဘယ်လောက်အကျိုးပေးတယ်ဆိုတာ မှန်းဆလို့ မရနိုင်ဘူး။ ဘုရားရဲ့အပေါ် မှာ စေတနာသန်သန်နဲ့ တကယ်ပူဇော်ကြည့်ပါ။ အကျိုးပေးတာကျတော့ကာ အစိန္တေယျ၊ အပ္ပမေယျ ဖြစ်သောကြောင့် “ဧဝံအစိန္တေယျာ ဗုဒ္ဓါ”ဆိုတာ ကြားဖူးလိမ့်မယ်။ အဲဒီဂါထာလေးက အင်းဆရာတွေ ရတနာဒီပံအင်းဆိုပြီးတော့ အဲဒီဂါထာကို အင်းချမီးထွန်းကြတာ။ အဲဒီမီးထွန်းရင် စီးပွားတက်တယ်လို့ ဆိုတယ်။ တိုက်ဆိုင်တာပဲဖြစ်မယ်ထင်တယ်။ အမှန်တကယ်

တော့ စီးပွားတက်တာ စေတနာကြောင့်ပဲဖြစ်တယ်။ အဲဒီ အင်း မီးထွန်းချိန်မှာ ပုတီးစိပ်၊ ဥပုသ်စောင့်ရတယ်ဆိုတော့ ကာ အင်းတွေကြောင့်တော့ မဟုတ်ဘူး။ ပုတီးစိပ်၊ ဥပုသ် စောင့်တဲ့ ကုသိုလ်ကြောင့် စီးပွားတက်တာ၊ သတ္တိပြောင်းသွား လို့ဆိုတာ နားလည်ကြပါ။ အင်းတွေကတော့ ဝေးတဲ့ အကြောင်းပေ့ါ။ သတ္တိပြောင်းလို့ တိုက်ရိုက်အကျိုးရပြီး စီးပွား တက်လာတာဖြစ်တယ်။ အဓိဋ္ဌာန်ဝင်ကြရမှာလည်း စီးပွား တက်မယ်ဆိုလို့ ဝင်ကြတာ။ အဓိဋ္ဌာန်ဝင်ကြတာ ရမယ့် အကျိုးကို တချို့က ပုတီးပတ်ရေပေါ် မူတည်ပြီး ကြည့်ကြ တယ်။ ပုတီးပတ်ရေ အနည်းအများကြောင့် မဟုတ်ဘူး။ အဓိ ဋ္ဌာန်ဝင်ချိန်မှာ သက်သတ်လွတ်စား၊ မေတ္တာပွား၊ လှူကြ တန်းကြနဲ့ အဲဒီသတ္တိတွေကြောင့် စီးပွားအောင်မြင်သွားတာ ဖြစ်တယ်။ သဘောပေါက်ကြရဲ့လား၊ တချို့ကလည်း ဂါထာ တွေရွတ်ကြတယ်။ အခု နက္ခတ္တရောင်ခြည်ထဲမှာ ဆိုလို့ရှိရင် ဂါထာတွေမနည်းဘူး။ ဂါထာကပဲ စွမ်းတာလားလို့ စဉ်းစား စရာဖြစ်လာတယ်။ မဟုတ်ဘူး။ စေတနာက စွမ်းတာလို့မှတ် ပါ။ ဘုရားကို တကယ်ကြည်ညိုတဲ့စိတ်နဲ့သာရွတ်၊ ဘုရားကို ယုံကြည်ပြီး အကျိုးပေးသန်မယ်။ နှလုံးအေးပြီး သတ္တိကောင်း တာနှင့်အမျှ အန္တရာယ်ကင်းမှာပဲလို့ မှတ်ပါ။ အဓိကအားဖြင့်

မေတ္တာကို မမေ့ကြပါနဲ့၊ တောင်တန်းသာသနာပြု ဆရာတော်ကြီးက အဲဒါကို အဓိကထားပြီး ပေးခဲ့တာ။ တကယ်လည်း အပေးသမားဆိုတာ မေတ္တာပဲပေါ့။ အဲဒီတော့ အေးချမ်းပါစေဆိုတဲ့ မေတ္တာဓာတ်ကို အမြဲတမ်းထားပြီး အားလုံးရဲ့ရင်ထဲမှာ အေးချမ်းပါစေဆိုပြီး စေတနာသန့်သန့်နဲ့ များများပေးနိုင်တဲ့ ပုဂ္ဂိုလ်သည် မြန်မြန်စီးပွားတက်မယ်လို့ ဘုန်းကြီးက အာမခံရဲပါတယ်။



ဉာဏ်ဆန်းကြယ်၊ ကံဆန်းကြယ်တယ်လို့ ခေါ်ပါတယ်။
အဲဒီတော့ ဉာဏ်ဦးစီးပြီး လုပ်ကြပါလို့ ဘုန်းကြီး
သတိပေးချင်တယ်။




## လောကသုံးပါး၏ ဖန်ဆင်းရှင်အစစ်


ဒါဖြင့်ရင် ကိုယ်လိုချင်တဲ့ပုံစံ ဆုံးပြီလို့မှတ်ပါ။ ဖန်ဆင်းရှင်ဆိုတာ ဘယ်သူလဲလို့မေးတယ်။ **"စေတနာဟာ ဖန်ဆင်းရှင်ဆိုတာ နားလည်ပြီနော်၊ စေတနာအယူဆိုရင် မကောင်းတဲ့ ဘဝကို ဖန်ဆင်းပေးမယ်။ အယူနဲ့ သူများရဲ့ အတင်းပြောတယ် ဆိုရင် မျက်လုံးမလှ၊ ပါးစပ်မလှ၊ လက်တွေ ခြေတွေ မလှ၊ ရုပ်ဆိုးပြီး ဘဝကြမ်းတမ်းအောင် ဖန်ဆင်းပစ်လိမ့်မယ်။ အပေးနဲ့စေတနာက ဘဝကိုလှအောင်ဖန်ဆင်းပေးလိမ့်မယ်"** သဘောပေါက်ကြပြီဆိုရင် ပြင်ကြပါ။ မခက်ပါဘူး။ စေတနာက နှစ်ပိုင်းပဲရှိတာ၊ အများကြီးမဟုတ်ပါဘူး။ **အယူ** နဲ့ **အပေး** စေတနာနှစ်ခုရှိပြီး အပေးနဲ့ သွားကြပါလို့ တိုက်တွန်းပါတယ်။

ဘုန်းကြီးဆွမ်းကပ်ရင် မွေးနေ့အတွက် အသက်ရှည်အောင်လို့ ကပ်ရင်ကောင်းပါ့မလား။ စတော့, စကြပါ။ ကလေး သေမယ့်ဘေး ယတြာချေဖို့ ဘုန်းကြီးငါးပါးကို ကြာဇံချက်ကပ်မယ် ပြောပါတယ်ဘုရား၊ ကလေးကြာကြာစံရအောင်ဆိုပြီး လှူတာ၊ အယူဖြစ်လို့ စေတနာအား မကောင်းဘူး။ အဲဒါတွေကို နားလည်ပြီးရင် ဗေဒင်မှမေးကြပါနဲ့တော့၊ မေးစရာမလိုတော့ဘူး ဆိုတာကိုလည်း သဘောပေါက်ကြပါ။ ကိုယ့်ဟာကိုယ် ချိန်ဆပြီး အသက်များများကယ်၊ အစားအစာ၊ အဝတ်အထည်၊ ငွေကြေးများများလှူကြဖို့ ဆက်တိုက်လုပ်ကြပါ။ များများနဲ့ ပြင်းပြင်းထန်ထန်လုပ်လို့ရှိရင် လုပ်သလောက် အကျိုးပေးမှာပဲလို့ မှတ်လိုက်ကြပါ။ ဉာဏ်ပညာတော့ နည်းနည်းကူရမယ်။ ပြောစရာတွေလည်း နောက်ပိုင်းမှာ အများကြီးရှိပါတယ်။ နည်းပညာမျိုးစုံပေါ့။ စေတနာထားပုံမျိုးစုံရှိတယ်။ နောက်ပိုင်းမှာ ပိုပြီးကျယ်ဝန်းပါတယ်။ ဉာဏ်ဆန်းကြယ်၊ 'ကံ'ဆန်းကြယ်တယ်လို့ ခေါ်ပါတယ်။ အဲဒီတော့ ဉာဏ်ဦးစီးပြီးတော့ ကောင်းတဲ့ကံတွေ လုပ်ကြပါလို့ ဘုန်းကြီးသတိပေးချင်တယ်။ 'ဖန်ဆင်းရှင်'ဟာ ဂြိုဟ်၊ နက္ခတ်တွေ မဟုတ်ဘူးနော်၊ 'စေတနာ'သာဖြစ်တယ်။ ဂြိုဟ်၊ နက္ခတ်တွေကြောက်စရာလိုသေးလား၊ မလိုတော့ဘူး၊ နတ်ဟောတာက

ရော ကြောက်စရာလိုမှလား၊ နတ်လည်းလူလိုပါပဲ၊ စေတနာ ဆိုးရင် နတ်ဆိုး၊ စေတနာကောင်းရင် နတ်ကောင်းဖြစ်မှာပဲ၊ နတ်ကိုလည်း အထင်မကြီးပါနဲ့၊ မိမိရဲ့ စေတနာသာ ကောင်း အောင်ပြုပြင်ပါ။ ဒါကြောင့် ဘုရားက ဟောခဲ့တာမှာ “သဗ္ဗေ သတ္တာ၊ ကမ္မဿကာ”ကိုယ်ပိုင်ဆိုင်တဲ့ပစ္စည်းသည် ကံကြောင့် ပိုင်တာ။ “ကမ္မဒါယာဒါ၊ ကမ္မယောနိ”ဆိုတာ ဒါပဲလို့ မှတ်ကြ ပါ။ အားလုံးသဘောပေါက်ကြပါ။



မေတ္တာကို အခြေခံပြီး ပါရမီ(၁၀)ပါးဘက်လှည့်ပြီး
အပေးနဲ့ ကျင့်နိုင်ကြပါစေ။
နောက်ဆုံးမဂ်ဉာဏ်ဖိုလ်ဉာဏ်ထိအောင် ပေါက်
ရောက်၍ ဘဝမခြားဘဲ နိဗ္ဗာန်ကို ဝင်နိုင်သော ပုဂ္ဂိုလ်များ
ဖြစ်ကြပါစေ။




## ဆုတောင်းနှင့်နိဂုံး

ဤကဲ့သို့ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော "ကံနှင့်ကံအကျိုးပေး"ကို ယုံကြည်သော ကမ္မဿကတသမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန်ကို နာခံမှတ်သားပွားများ၍ ကိုယ်တိုင်ကိုယ်ကျ အားထုတ်ကြသော သူတော်ကောင်းအပေါင်းတို့သည် မိမိတို့သန္တာန်ဝယ် အယူမှားများ ဖယ်ရှားနိုင်ကြပါစေ၊ ဘေးပတ်ဝန်းကျင်က အင်အားတွေ သိဒ္ဓိတွေ ပေးတယ်ဆိုတာလည်း မယုံပါနှင့်၊ သိဒ္ဓိတွေပေးလို့ မရဘူးဆိုတာနားလည်ပါ။ ကိုယ့်ရဲ့စေတနာဆိုတဲ့'ကံ'ကိုသာ ဖြောင့်အောင်ကြိုးစားနိုင်မယ်ဆိုရင် စေတနာဆိုတဲ့ ဖန်ဆင်းရှင်ဟာ မိမိဘဝ

ကို ကောင်းအောင်လည်း ပြင်နိုင်တယ်။ ဆိုးအောင်လည်း ပြင်နိုင်တယ်။ အဲဒီတော့ အယူနဲ့စတဲ့ စေတနာဆိုရင် ဘဝကို ယုတ်နိမ့်စေတယ်။ ညံ့စေတယ်။ အပေးနဲ့စတဲ့ စေတနာဆိုရင် ဘဝကို မြင့်မြတ်စေတယ် ဆိုတာကို နားလည်ပြီးတော့ ဘုရားနှင့် သူတော်ကောင်းများရဲ့ ကျင့်စဉ်အတိုင်း မေတ္တာကို အခြေခံပြီး ပါရမီ(၁၀)ပါးဘက်လှည့်ပြီး အပေးနှင့် ကျင့်နိုင်ကြပါစေ။ ကျင့်လျက်၊ စေတနာကောင်းများ 'ကံ'ကောင်းများဖြစ်လျက်၊ မိမိတို့သန္တာန်ဝယ် ပုညဆိုတဲ့ ကောင်းမှုကုသိုလ်တွေ များပြားပြီးတော့ ဘုန်းကံကြီးမားသော ပုဂ္ဂိုလ်များဖြစ်လျက် တောင့်တတိုင်းပြည့်စုံပြီးလျှင် မကောင်းသော ငြိုပြက်စီး၊ ငြိုပြက်နင်းဆိုတာလည်း မရှိပါဘူးဆိုတာ သဘောပေါက်လျက် အားလုံးသောသူတို့သည် မိမိတို့ဘဝမှာ လှလှပပဖြင့် ကြံစည်တိုင်း အောင်မြင်ကြပြီးတော့ကာ နှလုံးသွေးများ ကြည်လင်လျက် နောက်ဆုံးမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ထိအောင် ပေါက်ရောက်၍ ဘဝမခြားဘဲ နိဗ္ဗာန်ကို ဝင်နိုင်သော ပုဂ္ဂိုလ်များဖြစ်ကြပါစေ။

⊙ ⊙ ⊙



## ဘုရားပူဇော် ကန်တော့ခြင်း

ဘုရားကိုပူဇော်တဲ့ နေရာမှာလည်း ကိုယ့်ရဲ့စေတနာကို ဖြောင့်ဖြောင့်ထားကြပါ။ ဒီကနေ့ တရားနာတာဟာ မိမိရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ စိတ်အစဉ် အသစ်အသစ်တွေကို ဘုရားရဲ့ တရားတော်နဲ့ အားထုတ်ပြီးတော့ကာ အသွေးအသားမှာ ထပ်ပြီးသွင်းကြပါ။ မပြတ်လောင်မြိုက်တဲ့ စိတ်/ရုပ် တွေကို ဘုန်းကြီးတို့ ဘုရားတရားတော်တွေနဲ့ နှလုံးသွင်းပြီးတော့ ဘုရားရှင်ကို ပြန်ပြီးပူဇော်ကြမယ်။ ဘုရားကို ပူဇော်တယ်ဆိုတာကလည်း ဘုရားရှင်ရဲ့ ကျေးဇူးတွေကို အောက်မေ့လို့ ဘုရားရှင်ပွင့်တော်မူလို့သာလျှင် အမှန်တရားတွေကို သိခွင့်ရတာပါလားလို့ ဘုရားရှင်အပေါ် ချစ်တဲ့စိတ်၊ မေတ္တာအပြည့်

ထားပြီးကာ ပူဇော်ကြရမယ်။ အင်မတန်ကြီးမားတဲ့ အကျိုးတရား ရလိမ့်မယ်လို့ သဘောပေါက်ကြပါ။ ဣမာယ ဓမ္မာနု နဲ့ ပူဇော်ကြရအောင် တစ်ညီတည်း ဆိုကြပါ. . .

"ဣမာ ဓမ္မာနု ဓမ္မပဋိပတ္တိယာ" မဂ်လေးတန် ဖိုလ်လေးတန်၊ နိဗ္ဗာန်တည်းဟူသော ဤလောကုတ္တရာ တရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ "ဗုဒ္ဓံ"မြတ်စွာဘုရားကို၊ "ပူဇေမိ"ပူဇော်ပါ၏ အရှင်ဘုရား။

"ဣမာ ဓမ္မာနု ဓမ္မပဋိပတ္တိယာ" မဂ်လေးတန် ဖိုလ်လေးတန်၊ နိဗ္ဗာန်တည်းဟူသော ဤလောကုတ္တရာ တရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ "ဓမ္မံ" တရားတော်မြတ်ကို၊ "ပူဇေမိ"ပူဇော်ပါ၏ အရှင်ဘုရား။

"ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ"မဂ်လေးတန် ဖိုလ်လေးတန်၊ နိဗ္ဗာန်တည်းဟူသော ဤလောကုတ္တရာ တရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ "သံဃံ"သံဃာတော်မြတ်ကို၊ "ပူဇေမိ"ပူဇော်ပါ၏ အရှင်ဘုရား။

၂၃၄၄၅

ဆရာတော် ဦးဇေယျပဏ္ဍိတ
မိုးညှင်းသင်္ဂီကျောင်း
အမှတ်(၂)လမ်းမကြီး၊ အမှတ်(၁၆)ရပ်ကွက်၊

